# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


လောကစံတရား တွေ့ရပြားလည်း
တံခါးတိုင်ပမာ မြေကမ္ဘာသို့
မတုံ့မပြန် ကြံ့ကြံ့ခံခြင်း။
သင့်တင့်လျောက်ပတ် အကျင့်မြတ်ခြင်း။
အနည်မထ ကြည်လင်လှသည့်
ရေအိုင်အသွင် စိတ်ကြည်လင်ခြင်း။
သို့ ကြံ့ကြံ့ခံ ဂုဏ်ပေါင်းရုံသော
ပုဂ္ဂိုလ်မြတ်မွန် အရဟံအား
ကျင်လည်စရာ သံသရာသည်
မရှိပါတည့်။ မရှိတည့်။

ဓမ္မပဒ၊ အရဟန္တဝဂ်၊ ရဟန္တာ-၉၅ (မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၁)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှား - အာဆီယံ ဆက်ဆံရေး နှစ် ၂၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

စာမျက်နှာ - ၃



# မြန်မာနိုင်ငံအား ကူညီထောက်ပံ့သွားမည်

## မြန်မာနိုင်ငံကို အမေရိကန်အစိုးရက အာရှ၏ ဦးစားပေးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်

### အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့ နှစ်နိုင်ငံ ပူးတွဲသတင်းစာ ရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံသို့ နေ့ချင်းပြန်ခရီး လာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးရုံး၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံသို့ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကိုကျင်းပရာ မစ္စတာ ဂျွန်ကယ်ရီက မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ရန်ဆိုသည့် သတင်းစကားဖြင့် မိမိ လာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာအစိုးရသစ်သည် လူမှုရေး၊ စီးပွားရေးဆိုင်ရာ မြောက်မြားလှစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ သို့ရာတွင် အစိုးရသစ်သည် ကြီးမားသောအရာများကို

*စာမျက်နှာ ၄ ကော်လံ ၁ ✻*


ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်- CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing
LCCI Level - I, II, III
စာရင်းကိုင်သင်တန်းများ
for 2016, November Exam
ACCA, Dip IFR
ကျောင်းအပ်လက်ခံပြီ
LCCI Approved Centre
အမှတ်- ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။
Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

မြန်မာ့အလင်း

# အောင်မြင်မှုကို ပြဋ္ဌာန်းသည့်အရာများ

ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်း၏ ရန်ကုန်မြို့သို့ နာရီပိုင်း အလည်အပတ်ခရီးနှင့် ရွှေတိဂုံစေတီတော် ဖူးမြော်ခဲ့သည့်သတင်း ဖြစ်စဉ်က မြန်မာတို့ကို မှတ်မှတ်ရရ ဖြစ်စေပါလိမ့်မည်။

မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ ချယ်လ်ဆီး၊ တော့တင်ဟမ်စသည့် အသင်းကြီးများနှင့်နှိုင်းယှဉ်ပြီးဆိုရလျှင် လက်စတာပရိသတ် မြန်မာနိုင်ငံမှာ နည်းပါးနေလိမ့်မည်ဖြစ်သည်။ သီပေါမင်းပါတော်မူပြီး နောက်တစ်နှစ်တွင် ဘောလုံးကလပ်အသင်းတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့သော လက်စတာ၏ အမြင့်ဆုံး အောင်ပွဲကို ရယူနိုင်ရန် လျှောက်လှမ်းခဲ့ရသည့် ခရီးက နှစ်ပေါင်း ၁၃၀ ကြာမြင့်ခဲ့သည်။ ယမန်နှစ်ဘောလုံးရာသီတွင် တန်းဆင်းဇုန်နားအထိ ရောက်ခဲ့ရသည့် လက်စတာတို့ကို ပြီးခဲ့သည့်နှစ်အစတွင် ပရီမီယာလိဂ်ချန်ပီယံဖြစ်လာလိမ့်မည်ဟု မည်သူကမှ ဟောကိန်း မထုတ်ခဲ့။ စူပါစတား ဘောလုံးသမားများ မပါရှိသော လက်စတာတို့ တစ်ပွဲပြီး တစ်ပွဲကစားရင်း နာမည်ကြီးအစဉ်အလာရှိသည့် အသင်းကြီးများကို ကျော်ဖြတ်ကာ ရာသီကုန်ပွဲစဉ်များ မပြီးမီမှာပင် အင်္ဂလန်ဘောလုံးလောက၏ အမြင့်ဆုံး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အောင်မြင်မှုကို ရယူနိုင်သည့် အခြေခံအကြောင်းတရား များစွာတို့အနက် "စွမ်းရည်"နှင့် "စိတ်ဓာတ်"တို့သည်လည်း အရေးပါသည့် အကြောင်းတရားများဖြစ်ကြသည်။ ပို၍တိကျစွာဆိုရလျှင် "အလုပ်လုပ်နိုင်သည့်စွမ်းရည်" နှင့် "အလုပ်လုပ်လိုသည့် စိတ်ဓာတ်" တို့ပင်ဖြစ်သည်။ အလုပ်လုပ်နိုင်သည့်စွမ်းရည်ဟု ဆိုရာတွင် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှု ၊ အသိပညာ၊ အတတ်ပညာတတ်မြောက်မှု၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုစသည့်အရည်အချင်းများပါဝင်သည်။ အလုပ်လုပ်လိုသည့်စိတ်ဓာတ်မှာမူ စွမ်းရည်ကို လက်တွေ့အသုံးပြုလိုခြင်းဖြစ်သည်။ စွမ်းဆောင်လိုစိတ်မြင့်မားခြင်းသည် အောင်မြင်မှုကို ရယူရာတွင်အရေးပါသည့် အရည်အသွေးတစ်ရပ်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကိုလေ့လာကြည့်ပါက ထိုနိုင်ငံ၏ ပြည်သူလူထုမှာ အရည်အသွေးပြည့်ဝသော ပြည်သူလူထုများက အများစု ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ "စွမ်းရည်" ပြည့်ဝသော၊ "စိတ်ဓာတ်" မြင့်မားသော ပြည်သူလူထုအားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ခြင်း(တစ်နည်းအားဖြင့်) စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်အားဖြင့် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းဖြစ်အောင် တည်ဆောက်နိုင်ခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရခြင်းဖြစ်သည်။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံ၏ အောင်မြင်မှု၊ အရှေ့အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) ၏ အောင်မြင်မှုတို့ကို လေ့လာကြည့်ပါက ဖော်ပြပါသဘောတို့ကို တွေ့ရမည်ဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များအထိ မြန်မာနှင့် ပိန်မသာ လိမ်မသာမျှဖြစ်သော အဆိုပါနှစ်နိုင်ငံအနေဖြင့် သဘာဝသယံဇာတ ထွက်ရှိမှုနှင့် စိုက်ပျိုးမြေဧရိယာ လွန်စွာနည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်း မသာသောအခြေအနေများစွာတို့သာ ရှိခဲ့သည်။ လက်ရှိအခြေအနေသို့ တက်လှမ်းနိုင်ရန်အတွက် လူသားအရင်းအမြစ်ကို ထိရောက်စွာစီမံခန့်ခွဲနိုင်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါင်းဆောင်အသီးသီးတို့ကလည်း ဦးဆောင်မှုပေးနိုင်ခဲ့ကြသည်။

လက်စတာ၊ စင်ကာပူနှင့် တောင်ကိုရီးယားတို့ကို နမူနာယူခြင်းဖြင့် မြန်မာသည်လည်း ကမ္ဘာတွင်ထိုက်တန်သော နေရာတစ်ခုကို ရယူနိုင်ရန် မိမိတို့အားလုံး "စွမ်းရည်" ရှိရှိ "စိတ်ဓာတ်" အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ နှိုးဆော်လိုပါကြောင်း။ ။




## ညောင်ရေသွန်းပွဲတော်ကျင်းပ

**ဂန့်ဂေါ မေ ၂၂**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ကဆုန်လပြည့်နေ့(မေ ၂၁ ရက်) က ဂန့်ဂေါမြို့၌ မြန်မာ့ရိုးရာအစဉ်အလာမပျက် ညောင်ရေသွန်းပွဲများကို ရွှေပြည်ဆိပ်ဦး မြတ်စွာဘုရား၌လည်းကောင်း၊ မြို့ခင်သာကျောင်းတိုက်၌လည်းကောင်း၊ ဒက္ခိဏာရာမကျောင်းတိုက်၌လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါညောင်ရေသွန်းပွဲများသို့ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ လာရောက်ညောင်ရေသွန်းလောင်းကြသည်။ ဂန့်ဂေါမြို့တွင် အဆိုပါရက်များ၌ မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသော်လည်း ကဆုန်လပြည့်နေ့တွင် မွန်းလွဲ ၂ နာရီခန့်မှစတင်ကာ မိုးပြတ်သွားပြီး ရာသီဥတုသာယာသဖြင့် ညောင်ရေသွန်းလောင်းသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

(၁၀၁)

## အလင်းရောင်စာကြည့်တိုက်ဖွင့်

**ကြံခင်း မေ ၂၂**

ကြံခင်းမြို့နယ် ကြို့ပင်စုအုပ်စု ကံရွာကျေးရွာတွင် ပွင့်လင်းလူ့အဖွဲ့အစည်းက ဆောက်လုပ်လှူဒါန်းသည့် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မေလဒုတိယပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စောဝတ်ရည်နှင့် ပွင့်လင်းလူ့အဖွဲ့အစည်း တာဝန်ခံ ဦးချစ်လှတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းအလင်းရောင်စာကြည့်တိုက်ကို ကြံခင်းမြို့နယ် ပွင့်လင်းလူ့အဖွဲ့အစည်းက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သစ်အသုံးပြု သွပ်မိုးအဆောက်အအုံဖြစ်ကာ ငွေကျပ် ၁၆၈၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

### ထင်သာမြင်သာပြုပြင်စရာ

## မူးယစ်သောက်စားဖျက်ဆီးမှုများကြောင့် ဝဏ္ဏသိဒ္ဓိအဝိုင်း၌ ပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံး

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်-ပျဉ်းမနား-တောင်ညိုလမ်းမကြီးတို့ဆုံရာ ဝဏ္ဏသိဒ္ဓိအဝိုင်းပတ်ပတ်လည်တွင် စိုက်ထူထွန်းထားသော လျှပ်စစ်မီးတိုင်ပေါင်း၁၂ တိုင်မှ မီးသီးများနှင့်ဝိုင်ယာကြိုးများကို သောက်စားမူးယစ်သူလူတစ်စုက မီးကြိုးများနှင့် လျှပ်စစ်ဆက်သွယ်ရေး ပစ္စည်းများကို အကျိုးမဲ့ဖျက်ဆီးမှုကြောင့် ယခုအခါတွင် အဝိုင်း၌ အလုဖျက်ပြီး အမှောင်ခွင်း၍ အလင်းမဆောင်နိုင်တော့ကြောင်း ရပ်ကွက်အတွင်း နေထိုင်သူများက ပြောသည်။

"အခုဒီမှာလည်း ပန်းအိုးတစ်အိုး ရိုက်ချိုးခံထားရတယ်။ ဒါ့အပြင် လျှပ်စစ်ကြိုးတွေဆက်သွယ်တဲ့ သံသေတ္တာကိုလည်းဖျက်ဆီးထားတာတွေ့ရတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ယာဉ်သွားလာမှုမှာ များပြားသည့်အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကို ညအခါတွင် အတော်စိုးရိမ်ရကြောင်း ခရီးသွားယာဉ်မောင်း တစ်ဦးကလည်း သုံးသပ်ပြောဆိုသည်။

အစိုးရသစ်၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက် တရားဥပဒေစိုးမိုးရေး ကဏ္ဍကို စံချိန်စံညွှန်းနှင့်အညီ ပြုလုပ်သွားရန် ရပ်ကွက်နေပြည်သူလူထုက လိုလားလျက်ရှိကြောင်း သိရသည်။

(၀၁၄)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၂-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၁.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၄၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၅၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၇.၇၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှား-အာဆီယံအစည်းအဝေးတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အဖွဲ့ဝင်များနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ကျင်းပသည့် ရုရှား-အာဆီယံ ဆက်ဆံရေး နှစ် ၂၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် နာယက သူရဦးတင်ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗာစီလီဘီ ပေါ့စ်ပီလော့ဗ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်**

# အိန္ဒိယ-မြန်မာကုန်သည်များအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၂**

India – Myanmar Business Conclave ဆွေးနွေးပွဲ ပထမနေ့အဖြစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား စားပွဲဝိုင်းဆွေးနွေးပွဲကို မေ ၁၈ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ နှစ်ဖက်ကုန်သည်လုပ်ငန်းရှင်များမှ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပရာ အစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး အခန်းကဏ္ဍများအား ဆွေးနွေးပြောကြားခဲ့ပြီး နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mrs. Nirmala Sitharaman အား Park Royal Hotel အထူးအစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံများ ပိုမိုတင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့ရာတွင် အိန္ဒိယနိုင်ငံမှ အခွန်လျှော့ချပေးရေးအပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

India – Myanmar Business Conclave ဆွေးနွေးပွဲတွင် နှစ်ဖက်ကုန်သည်လုပ်ငန်းရှင်များက ကဏ္ဍအလိုက်ဆွေးနွေးကြရာ လယ်ယာလုပ်ငန်း၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများကဏ္ဍ၊ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်ကဏ္ဍ၊ ကျန်းမာရေး၊ ပညာရေးနှင့် သတင်းနည်းပညာကဏ္ဍ၊ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် ဆောက်လုပ်ရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းများကို ဆွေးနွေးသည်။

India – Myanmar Business Conclave အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သည်များကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအပြင် ကဏ္ဍစုံရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဝန်ကြီးဌာနနှစ်ခု အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေ ချေးယူခြင်းတို့ ဆွေးနွေးမည်

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို မေ ၂၃ ရက် နံနက် ၁၀ နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခွင့်ပြုခြင်းကို လွှတ်တော်သို့ တင်ပြခြင်း။

ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟုလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟုလည်းကောင်း ပြောင်းလဲပြင်ဆင်သတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် နိုင်ငံတော် သမ္မတထံမှပေးပို့သော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ငွေကျပ်ဘီလီယံ ၅၀၀ ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အထူးကုန်စည်ခွန်တွင် ကျောက်စိမ်းကျောက်မျက်ကဏ္ဍပါဝင်နေသည့်အတွက် နစ်နာမှုများရှိ

မန္တလေး မေ ၂၂

**ကျောက်စိမ်းကျောက်မျက်လုပ်ငန်းရှင်များအတွက် သင့်လျော်သည့် အခွန်နှုန်းထားဖြင့် အခွန်ဆောင်နိုင်ရန်မျှော်လင့်လျက်ရှိသော်လည်း ဧပြီ ၁ ရက်က သတ်မှတ်ထုတ်ပြန်ခဲ့သည့် အထူးကုန်စည်ခွန်ဥပဒေတွင် ကျောက်စိမ်းကျောက်မျက် ကဏ္ဍပါဝင်နေသည့်အတွက် နစ်နာမှုများရှိသည်ဟု လုပ်ငန်းရှင်များက ပြောကြားသည်။**



**မန္တလေး ကျောက်စိမ်း ကျောက်မျက်ပြပွဲတစ်ခု၌ ကျောက်မျက်ကုန်သည်များကြည့်ရှုနေသည်ကို တွေ့ရစဉ်**

အထူးကုန်စည်ခွန် ဆိုသည်မှာ ပြည်သူများအတွက် အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား လျှော့ပေါ့သုံးစွဲစေရန် ရည်ရွယ်ချက်ဖြင့် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းဖြစ်ပြီး ယင်းအခွန်တွင် ကျောက်စိမ်းကဏ္ဍကို ထည့်သွင်းကောက်ခံမည်ဆိုခြင်းမှာ အံ့သြစရာဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ဟန်က ပြောကြားသည်။

"အရင်အစိုးရ လက်ထက်က ကျောက်စိမ်းကို အခွန် ၁၃ ရာခိုင်နှုန်းကောက်တယ်။ အခုအထူးကုန်စည်ခွန်ထဲထည့်လိုက်တဲ့အတွက် အခွန်နှုန်းထားတော်တော်မြင့်သွားပြီ။ ကျောက်စိမ်းကျောက်မျက်ကဏ္ဍကနေရတဲ့အခွန်ဟာ နိုင်ငံတော်အတွက် တော်တော်များပါတယ်။ အခွန်ထမ်းပြည်သူတွေအတွက် အခွန်ထမ်းချင်လောက်တဲ့ နှုန်းကို ကောက်စေချင်တယ်။ အစိုးရသစ်လက်ထက်မှာလည်း ဥပဒေတွေပြန်လည်ပြင်ဆင်ဖို့ လုပ်နေပါပြီ။ အသင်းအနေနဲ့လည်း ပြန်လည်စိစစ်ပေးဖို့ ဆွေးနွေးသွားမှာပါ"ဟု ၎င်းကဆိုသည်။

ကျောက်စိမ်းကျောက်မျက်လုပ်ငန်းမှာ တခြားကုန်ပစ္စည်းများကဲ့သို့ အချိန်မရွေးထုတ်လုပ်ရောင်းချရသည့် ပစ္စည်းမဟုတ်ဘဲ သဘာဝအရလုပ်ကိုင်ရသည့် တွင်းထွက်ပစ္စည်းဖြစ်သည့် အတွက် ရင်းနှီးမြှုပ်နှံမှုကြီးမားကာ ထိုကဲ့သို့ အခွန်အခကြီးမြင့်ပါက မှောင်ခိုလမ်းဘက်သို့ ရောက်သွားနိုင်ကြောင်း ၎င်းက သုံးသပ် ပြောကြားသည်။

"အခွန်အခကို မှန်မှန်ကန်ကန် သိက္ခာရှိရှိနဲ့ ဆောင်ချင်တယ်။ အကျိုးအမြတ်မသေချာတဲ့ လုပ်ငန်းတစ်ခုကို အခွန်နှုန်းမြှင့်လိုက်မယ်ဆိုရင် မှောင်ခိုလမ်းဘက် ရောက်သွားကြလိမ့်မယ်။ ကျောက်စိမ်းကျောက်မျက်မှာ မြန်မာနိုင်ငံရဲ့အရည်အသွေးကိုမီတဲ့ နိုင်ငံမရှိပေမယ့် မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေဟာ အင်မတန်ကို စွန့်စားပြီး လုပ်ကိုင်နေရပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်သူများမှာ အခြေခံအားဖြင့် ရိုးသားကြသော်လည်း တချို့သတ်မှတ်ချက်များကြောင့် ရိုးသား၍မရသည့် အခြေအနေများရှိနေသည့်အတွက် အခွန်ထမ်းပြည်သူများ အခွန်ထမ်းနိုင်မည့် နှုန်းထားကို သတ်မှတ်ပေးသင့်ပြီး ခေါင်းစဉ်အမျိုးမျိုးဖြင့် အခွန်ကောက်ခံမှုများကိုလည်း ပြန်လည်စိစစ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**အောင်ရဲသွင်**

✻ ရှေ့မှ

လုပ်ဆောင်နိုင်ခဲ့ပြီး ဤနိုင်ငံမှ ပြည်သူများအားလုံးနှင့်အတူ လက်တွဲကျော်ဖြတ်နေသည်ကို တွေ့ရကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အထူးအားပေးထောက်ခံပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ လွှတ်တော်ထဲတွင် ပါဝင်နေသည်ကိုတွေ့ရှိရပြီး ထို့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံကို အမေရိကန်အစိုးရက အာရှ၏ဦးစားပေးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးရလဒ်များကို တွေ့မြင်ရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်စေရေးနှင့် ပတ်သက်၍ မစ္စတာ ဂျွန်ကယ်ရီက "မြန်မာပြည် ဒီမိုကရေစီရေးနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကူညီချင်ပါတယ်။ Institution အားလုံးကို အားပေးတဲ့အနေနဲ့ တချို့ပိတ်ဆို့အရေးယူမှုတွေကို ဆက်ထားပြီး အစိုးရရဲ့ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ထောက်ပံ့နိုင်ဖို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို အားပေးတိုက်တွန်းမှုတွေ လုပ်နေပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအပေါ် အရေးယူပိတ်ဆို့မှုကို ဖြေလျှော့လိုက်ကြောင်း ပြီးခဲ့သည့် မေ ၁၇ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ကျန်ရှိနေသေးသည့် ပိတ်ဆို့အရေးယူမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေကြောင်း၊ အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုကို နားလည်ကြောင်း၊ ထိုအရာသည် ကြီးမားသည့်ပြဿနာမဟုတ်ကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ကြောက်ရွံ့မှုမရှိကြောင်းနှင့် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံသာဖြစ်ကြောင်း သတင်းမီဒီယာများကို ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီအား လက်ခံတွေ့ဆုံစဉ်

# ဘဏ်သုံးခုကို စီးပွားရေးပိတ်ဆို့မှုစာရင်းမှ ဖယ်ရှားပေးလိုက်ခြင်းဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လာနိုင်မည်

**နေပြည်တော် မေ ၂၂**

မြန်မာအစိုးရပိုင်ဘဏ်သုံးခုကို အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့မှုစာရင်းမှ ဖယ်ရှားပေးလိုက်ခြင်းဖြင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေအလွှဲအပြောင်းကိစ္စများကို လွတ်လပ်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ပြီး မြန်မာပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်မှန်းထားတယ်။ တိုးလာနိုင်စရာလည်းရှိတယ်။ မြန်မာနိုင်ငံမှာနေတဲ့ အမေရိကန်နိုင်ငံသားတွေနဲ့ အမေရိကန်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ငွေကြေးလွှဲပြောင်းမှုတွေ အဆင်ပြေချောမွေ့လာမယ်။ ဒီလို ပြုပြင်ပြောင်းလဲမှုတွေကြောင့် အမေရိကန်နိုင်ငံသားတွေတင်မကဘူး ပြည်ပနိုင်ငံတွေနဲ့ပါ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုတိုးလာနိုင်တယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း မြန်မာပြည်တွင်း၌ ဒေါ်လာငွေတန်ဖိုးကျဆင်းလာပြီး မြန်မာငွေတန်ဖိုးမြင့်တက်လာကြောင်း၊ ယခုအခါ မြန်မာအစိုးရပိုင်ဘဏ်သုံးခုကို အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့မှုစာရင်းမှ ဖယ်ရှားပေးလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးအခွင့်အလမ်းများ အားကောင်းလာမည်ဖြစ်ကြောင်း စီးပွားရေး သုံးသပ်သူများထံမှ သိရသည်။

အမေရိကန်အစိုးရက မြန်မာအစိုးရပိုင် ဘဏ်သုံးခုနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းခုနစ်ခုကို စီးပွားရေးပိတ်ဆို့မှုစာရင်းမှ ဖယ်ရှားလိုက်သော်လည်း ပုဂ္ဂလိကဘဏ်တချို့မှာ စီးပွားရေးပိတ်ဆို့မှုစာရင်းတွင် ကျန်ရှိနေသေးကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌထံမှ သိရသည်။

ယခင်က ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် စာရင်းရှင်းလင်းပေးချေမှုများ၊ ငွေကြေးလွှဲပြောင်းမှုများသည် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဘဏ်များအပေါ် စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှောင့်နှေးခြင်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုလျော့ကျစေခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ပြောသည်။



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်နောက်ပိုင်း စီးပွားရေးမူဝါဒသစ်များကြောင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိရာ ဘဏ်လုပ်ငန်းကဏ္ဍတွင် ၂၀၁၅ ခုနှစ် အတွင်း မြန်မာနိုင်ငံသို့ ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့သည့် နိုင်ငံခြားဘဏ်ကိုးခုရှိခဲ့ပြီး ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံခြားဘဏ်လေးဘဏ်အား ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ရန် ထပ်မံခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

**သတင်း - မင်းသစ်၊ ဓာတ်ပုံ - သန့်ဇင်ဝင်း**

# တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေး တိမ်မြုပ်နေသည့် တိုင်းရင်းဆေးကုထုံးများ ရှာဖွေရန်လိုအပ်

**နေပြည်တော် မေ ၂၂**

မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးကုထုံးများကို ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာက စံပြုနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မေ ၂၀ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ် ပင်မရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၆)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံစဉ် ပြောကြားသည်။

သုတေသနလုပ်ငန်းများကိုလည်း ယခုထက်ပိုမို ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များအရည်အသွေးပြည့်ဝစေရန် သင်ကြားမှုနည်းစနစ်သည် အရေးကြီးပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၏သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်များ ပြန်လည်သုံးသပ်ရန်လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာရှင်သမားတော်ကြီးများထံမှ အကြံဉာဏ်များရယူဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပရဆေးဥယျာဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များထံမှ အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ အလားတူ ဆေးဝါးထုတ်လုပ်ရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နီးနွယ်ဝန်ကြီးဌာန ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်လျက်ရှိသည့် သင်တန်းများအပြင် မွမ်းမံသင်တန်းများလည်း ထပ်မံဖွင့်လှစ်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရောင်းချလျက်ရှိသည့် တိုင်းရင်းဆေးဝါးများအပေါ် Post Marketing Surveillance များ ဆောင်ရွက်ရန်နှင့် တိုင်းရင်းဆေးပညာရှင်များအနေဖြင့် တိုင်းရင်းဆေးပညာကျင့်ဝတ်များကို တိတိကျကျလိုက်နာစောင့်ထိန်းကာ ပြည်သူလူထုအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အဆင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်များ၊ ဘဏ္ဍာရေးဆိုင်ရာအရာထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၅-၂၀၁၆

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့၌ ၇ ဒသမ ၄၅လက်မ၊ တမူးမြို့၌ ၇ ဒသမ ၂၄ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၆ ဒသမ ၄၂ လက်မ၊ ဂွမြို့၌ ၆ ဒသမ ၃၄ လက်မ၊ သထုံမြို့၌ ၅ ဒသမ ၅၅ လက်မ၊ ငါးသိုင်းချောင်းမြို့နှင့် ဇလွန်မြို့တို့၌ ၅ ဒသမ ၂၀ လက်မစီ၊ ဟသ်ာတမြို့၌ ၅ ဒသမ ၁၂ လက်မ၊ ရေးမြို့၌ ၅ ဒသမ ၀၀ လက်မ၊ ပေါင်မြို့၌ ၄ ဒသမ ၇၆ လက်မ၊ အုတ်ဖိုမြို့၌ ၄ ဒသမ ၁၅ လက်မ၊ ရန်ကုန်(ဒဂုံမြောက်ပိုင်း)၌ ၄ ဒသမ ၁၃ လက်မ၊ ဖလမ်းမြို့နှင့် ဘီးလင်းမြို့တို့၌ ၄ ဒသမ ၀၉ လက်မစီ၊ ပလက်ဝမြို့နှင့် တောင်ကုတ်မြို့တို့၌ ၃ ဒသမ ၈၆ လက်မစီနှင့် မဒေါက်မြို့၌ ၃ ဒသမ ၈၂ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

# အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု မြန်မာနိုင်ငံမှ စက်ရုံနှစ်ခု ရရှိ

**ရန်ကုန် မေ ၂၂**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN-OSHNET) ဆုရ Fame Pharmaceutical Industry Co., Ltd နှင့် Proven Technology Industry Co.,Ltd(TOYO Battery) တို့၏ ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး UMFCCI မင်္ဂလာခန်းမ၌ မေ ၂၂ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကွန်ရက်ဆု ရွေးချယ်ခြင်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုရရှိကြသည့် Fame Pharmaceutical Industry Co., Ltd Managing Director ဦးခင်မောင်လွင်နှင့် Proven Technology Industry Co.,Ltd(TOYO Battery) Chief Operating Officer ဦးသန်းထိုက်လွင်တို့က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အာဆီယံဒေသတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး အာဆီယံဒေသ၏ ပုံရိပ်ကိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်က ပေးအပ်သည့်ဆုကို ၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်က ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ပထမအကြိမ် စတင်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြောင်းလဲနေသည့် အခင်းအကျင်းအသစ်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်မြင့်မား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်သားထုအင်အားစုတစ်ရပ် ရှိရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အမြတ်အစွန်းရလိုမှုကိုသာ မကြည့်ဘဲ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်လုပ်ငန်း ခွင်များဖြစ်ပေါ်စေရေးအတွက် တာဝန်ယူသည့်စီးပွားရေးဆောင်ရွက်မှု (Responsible Business) ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကွန်ရက်က ပေးအပ်သည့်ဆုများကို မြန်မာနိုင်ငံမှ စက်ရုံနှစ်ရုံအနေဖြင့် ရရှိခဲ့ခြင်းသည် အာဆီယံဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်းပုံရိပ်ကို ဖော်ထုတ်ပြသနိုင်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ဒုတိယအကြိမ် ဆုပေးပွဲတွင် မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဆုများရရှိရေးအတွက် လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားခဲ့ပြီး အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုရ Fame Pharmaceutical Industry Co.,Ltd နှင့် Proven Technology Industry Co., Ltd (TOYO Battery) တို့ကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် ဆုများ စဉ်ဆက်မပြတ်ရယူနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က တိုက်တွန်းစကားပြောကြားသည်။ **(သတင်းစဉ်)**

# ဆရာတော် ကိုပညာနှင့် မောင်မိုးသူ



**မောင်မိုးသူ**

တောင်လေးလုံးဆရာတော် စာရေးဆရာကိုပညာ ပျံလွန်တော်မူတဲ့သတင်း ကိုကျော်ရင်မြင့်ဆီက တယ်လီဖုန်းနဲ့ သတင်းပို့တာကို ရပါတယ်။ ရန်ကုန်မှာရှိတဲ့ ဘယ်သူ့ကို အကြောင်းကြားရရင် ကောင်းမလဲဆိုတော့ မမဝင်း (ဒေါ်ကလျာ) ကို ပြေးသတိရမိပါတယ်။ ဖုန်းဆက်အကြောင်းကြားမိပါတယ်။ မမဝင်းစိတ်မကောင်းဖြစ်ပြီး အောက်ဆီဂျင်ရှူနေရသတဲ့၊ ဟုတ်ပါတယ်။ ဆရာတော် ဦးပညာဟာ ရန်ကုန် ရောက်တိုင်း ကလျာတိုက်ကို သွားနေကျ၊ ကလျာမှာလည်း စာရေးနေကျ။

မောင်မိုးသူတို့တစ်တွေလည်း တောင်သမန်က တောင်လေးလုံးကျောင်းတိုက်မှာ လူထုဒေါ်အမာရဲ့ နှစ် ၇၀ ပြည့်မွေးနေ့လုပ်ကတည်းက နှစ်စဉ်မပြတ်သွားခဲ့ကြ၊ နွှဲခဲ့ကြတာ အခုဆိုရင် နှစ်ပေါင်း ၃၀ ကျော်ပေါ့။ ဆရာတော်က မောင်မိုးသူထက် သုံးနှစ်လောက်ကြီးပါတယ်။ ဒါပေမယ့် ဆရာတော်က မောင်မိုးသူ အသက်မမေးခင်က သူ့ထက် အကြီးလို့ထင်နေတာ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်မိုးသူထက် လေးငါးနှစ်ကြီးကြတဲ့ ကိုသာနိုးတို့၊ ကိုတင်မိုးတို့နဲ့ ရွယ်တူလို့ အောက်မေ့နေတာကိုး။

ဆရာတော်ရဲ့ တောင်လေးလုံးကျောင်းကတော့ တောင်သမန်အင်းစောင်းမှာရှိပြီး လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲတွေကျင်းပလို့ နိုင်ငံအဝန်းက စာရေးဆရာတွေ၊ ကဗျာဆရာတွေ နှစ်စဉ် စုဝေးနေကျ နေရာလေးတစ်ခုဖြစ်ခဲ့ပါတယ်။ ဒေါ်ဒေါ်မွေးနေ့မဟုတ်လည်း ဆရာတော်ကျောင်းကို ဦးညိုမြတို့၊ ဦးကြီးမောင်တို့၊ ဦးဝင်းတင်တို့၊ ဒေါ်ကလျာတို့သွားပြီး နားနေကျ စာရေးနေကျ၊ ဆရာတော်ရဲ့ကျောင်းပေါက်မှာ ကဗျာဆရာ နီမောင်ရဲ့အမှတ်တရ ရေအိုးစင်လေးရှိလေရဲ့။ တောင်လေးလုံးကို အမြဲလာနေကျဖြစ်တဲ့ ဆရာမြသန်းတင့်၊ တင်မိုးတို့ရဲ့ ကမ္ဗည်းကျောက်စာတိုင်များလည်း ရှိလေရဲ့၊ ဒေါက်တာသန်းထွန်းရဲ့ အုတ်ဂူကလည်း တောင်သမန်မှာ ရှိတာပါ။ ဆရာသန်းထွန်းက မောင်မိုးသူနဲ့အတူ အသွားအပြန် လေယာဉ်လက်မှတ်ယူပြီး ဒေါ်ဒေါ်မွေးနေ့ကိုသွားခဲ့ ကြတာ။ ဒေါ်ဒေါ် မွေးနေ့ရဲ့နောက်ရက် ဆရာသန်းထွန်းချစ်တဲ့ မန္တလေး တက္ကသိုလ်သမိုင်းဌာနမှာ နံနက် ၃ နာရီလောက်မှာ ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။

ဆရာသန်းထွန်းတပည့်တွေက မနက်ကြီးလာနှိုးပြီး မောင်မိုးသူကို ပြောပါတယ်။ မောင်မိုးသူက ဟိုတယ်မှာ အတူတည်းတဲ့ ကိုစိန်ဝင်းကို နှိုးပြော၊ လူထုက ကိုညိုကိုပြောပြီး တက္ကသိုလ်လိုက်သွားရပါတယ်။ ရန်ကုန်ကို ဖုန်းဆက်လိုက်လို့ ဆရာရဲ့ဇနီး မမရီကိုလည်း တံတားဦးလေဆိပ်ကို သွားကြိုရပါတယ်။ မမရီတို့ ဖုန်းဆက်ခေါ်ထားတာက ဆရာ နေမကောင်းဘူးလို့ပဲ ပြောထားရတာ။ လေဆိပ်မှာတွေ့တော့ မမရီက 'ဟဲ့- မိုးသူ မင်းဆရာက ဘာဖြစ်လို့တုံး' လို့ ပြောပါ တယ်။ မောင်မိုးသူလည်း ဟိုလိုလို ဒီလိုလိုလုပ်ပြီး လေဆိပ်ကို လာကြိုတာမမီလို့ ပုသိမ်လမ်းဆုံမှာ စောင့်နေကြတဲ့ ဆရာတပည့် သမိုင်းက ဆရာ့တပည့်တွေလက်ထဲပဲ ထည့်ပေးလိုက်ပါတယ်။

မန္တလေးတက္ကသိုလ်သမိုင်းဌာနမှာကွယ်လွန်သွားတဲ့ ဆရာရဲ့ရုပ်ကလာပ်ကို လကုန်ရက်ဖြစ်လို့ နေ့ကူးမရဘဲ တောင်လေးလုံးက ဆရာတော်ကိုပညာရဲ့ကျောင်း ဆရာအင်မတန်သဘောကျတဲ့ တောင်သမန်အင်းစောင်းမှာပဲ ဂူသွင်းသင်္ဂြိုဟ်ဖို့ ဆုံးဖြတ်ရပါတယ်။ မောင်မိုးသူကတော့ ဆရာနဲ့ နှစ်ယောက်အတူ လေယာဉ်လက်မှတ်ယူထားပြီမို့ ဆရာ့ရုပ်ကလာပ်ကိုတော့ ဆရာတော်ကိုပညာနဲ့ မမရီကိုနှုတ်ဆက်ပြီး ရန်ကုန်ကို တစ်ယောက်တည်း ပြန်လာခဲ့ရပါတယ်။

ဆရာတော်ကိုပညာ ကွယ်လွန်ပြီဆိုတော့ ဆရာသန်းထွန်း ဒေါ်ဒေါ့်မွေးနေ့ကို မောင်မိုးသူခေါ်လာတုန်း ကွယ်လွန်သွားတာကို ပြောပြီး အမှတ်ရပါတယ်။

တောင်လေးလုံး ဒေါ်ဒေါ့်မွေးနေ့တွေကတော့ မြန်မာစာပေလောကမှာ မမေ့နိုင်လောက်စရာ သမိုင်းပါပဲ။ မြန်မာပြည် တစ်နံတစ်လျားက စာပေနယ်သားတွေစုရုံးပြီး တောင်လေးလုံးကို လာကြတာ။ ရန်ကုန်မြေပေါ်က စာပေသမားတွေက လာကြသလို၊ ရှမ်း၊ ကချင်၊ ကရင်တွေလာကြသလို ရွှေဘို၊ မုံရွာက လူတွေပါ လာကြတာမို့ မြန်မာပြည် အနယ်နယ်အရပ်ရပ်က စာပေသမားတွေ တစ်နှစ်တစ်ခါ ဆုံနေကျပွဲကြီးတစ်ခုလို ဖြစ်ခဲ့ပါတယ်။ အဲဒီ ဒေါ်ဒေါ့်မွေးနေ့မှာ ဆရာတော် ကိုပညာက ဝက်သားဟင်းလေးချက်နဲ့ ဘူးသီးကြော်ကျွေးပါတယ်။ ဆရာတော်ရဲ့ ဟင်းလေးချက်က အလွန်စားကောင်းပြီး အထားလည်းခံတယ်။ ဦးဝင်းတင်တို့၊ မောင်မိုးသူတို့ ကြိုက်မှန်းသိတော့ ဆရာတော်က ဦးဝင်းတင်တို့၊ မောင်မိုးသူတို့ ထောင်ထဲမှာရှိနေစဉ် မကြာခဏ ဟင်းလေးချက်ထုပ်ပြီး ပေးပို့ပါတယ်။ လွမ်းစရာပါပဲ။

ဒေါ်ဒေါ့်မွေးနေ့မှာဆိုရင် တင်မိုး၊ ကြည်အောင်၊ မောင်စွမ်းရည်၊ မောင်မိုးသူ၊ ကိုလေးတို့ ဆုံဖြစ်ကြပါတယ်။ ဆုံတိုင်း ငယ်သူငယ်ချင်းတွေက ထိပ်ပုတ်ခေါင်းရိုက်နဲ့ တွေ့ကြ၊ ဖက်ကြနေကြတာကို နောက်ပေါက်လူငယ်စာပေသမားတွေက ဆရာတို့တစ်တွေ အဲဒီလို ချစ်ချစ်ခင်ခင် ပွေ့ပွေ့ဖက်ဖက်နေကြတာကို မြင်ရတော့ ကြည်နူးစရာကောင်းလိုက်တာလို့ပြောတော့၊ တင်မိုးက ဟ၊ ငါတို့တွေက ကြီးမှမကြီးတာ၊ မင်းတို့တစ်တွေကသာကြီးကုန်ကျတာလို့ ပြောခဲ့ဖူးတာကို မှတ်မိနေပါသေးတယ်။

ငါတို့တစ်တွေက ကြီးမှမကြီးကြတာလို့ ပြောခဲ့တဲ့ တင်မိုးဟာ အမေရိကန်မှာ ကွယ်လွန်ရှာပါတယ်။ ကြည်အောင်ကတော့ မန္တလေးမှာ ကွယ်လွန်တာပါ။ ဒေါ်ဒေါ့်မွေးနေ့ အမြဲရောက်လာလေ့ရှိတဲ့ ဒဂုန်တာရာတို့၊ တော်ဘုရားလေးတို့၊ လူထုဦးစိန်ဝင်းတို့လည်း ကွယ်လွန်ရှာပေ့ါ။

ဆရာတော် ကိုပညာက မောင်မိုးသူကို အတော်သံယောဇဉ်ကြီးတယ်။ ရန်ကုန်ရောက်ရင် အမြဲဆုံတယ်။ မှတ်မှတ်ရရ တစ်ခါတော့ ဒေါ်ကလျာရဲ့ပတ်ပလစ်ကာကားလေးနဲ့ အင်းစိန်မှာနေတဲ့ တင်မိုးဆီသွားကြမယ်ဆိုတော့ ဆရာတော်က ရှေ့ခန်း ဒရိုင်ဘာနံဘေးမှာထိုင်၊ ဒေါ်ခင်နှင်းယု၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကလျာနဲ့ မောင်မိုးသူတို့က နောက်ခန်းကထိုင်ပြီး ကိုတင်မိုးအိမ် အင်းစိန်ကို သွားခဲ့ကြတာလည်း အမှတ်ရစရာပါပဲ။

မောင်မိုးသူ ၉၂ ထောင်က လွတ်လာတော့ တောင်ကြီးမှာနေတဲ့ ဦးကြီးမောင်(ငွေဥဒေါင်း) က ကဗျာကယာနဲ့ ရန်ကုန်ဆင်းလာပါတယ်။ ကိုဝင်းတင် ထောင်ကထွက်လာရင် တောင်သမန်တောင်လေးလုံးကို သွားကြရအောင်ဆိုပြီး လာခေါ်တာပါ။ ဦးဝင်းတင် မလွတ်လို့ ဦးကြီးမောင်နဲ့ မောင်မိုးသူလည်း တောင်လေးလုံးကို မရောက်ဖြစ်ခဲ့တာလည်း အမှတ်ရစရာပါပဲ။

ဦးဝင်းတင် ထောင်ကလွတ်ပြီးနောက် မန္တလေးကိုရောက်တိုင်း ဆရာတော်ဆီကို အရောက်သွားပါတယ်။

မောင်မိုးသူလည်း ထုံးစံအတိုင်း မန္တလေးကိုရောက်ရင် တောင်လေးလုံးကို မသွားဘဲ မရောက်ဘဲ မနေနိုင်ကြပါဘူး။ ဆရာတော်လည်း ပိန်ပိန်သေးသေးပေမယ့် ကျန်းမာရေးကောင်းသနော်လို့ အမြဲပြောဖူးပေမယ့် မောင်မိုးသူ မန္တလေးမရောက်နိုင်တဲ့ နောက်ပိုင်းမှာ ဆရာတော်ရဲ့ ကျန်းမာရေးဟာ ယုတ်လျော့လာကြောင်း သတင်းကြားရပါတယ်။

ဦးဝင်းတင်ရဲ့ဖောင်ဒေးရှင်းမှာ နာယကလုပ်နေတဲ့ မောင်မိုးသူဟာ ဆရာတော် နေထိုင်မကောင်းဖြစ်ပြီး ဆေးရုံတက်ရတယ်သိရတော့ ဖောင်ဒေးရှင်းမှ အလှူငွေကျပ်သုံးသိန်းဆရာတော့်ဆီ လှမ်းကန်တော့လိုက်ပါတယ်။

လောကကြီးမှာ လူသားမှန်သမျှ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်အချိန်မှာ မွေးဖွားတယ်ဆိုတာ သိနိုင်ပေမယ့် ကွယ်လွန်တဲ့အချိန်ဟာ ဘယ်အချိန်၊ ဘယ်နေရာမှာ ကွယ်လွန်မယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူးလို့ အဆိုအမိန့်ရှိပါတယ်။

မောင်မိုးသူတို့ရဲ့ဆရာသန်းထွန်းဟာ သူအလွန်တွယ်တာသံယောဇဉ်ကြီးတဲ့ မန္တလေးတက္ကသိုလ်သမိုင်းဌာနမှာ ဒေါ်ဒေါ့်မွေးနေ့လာတက်စဉ် ကွယ်လွန်ခဲ့ပြီး ဆရာအင်မတန်ပျော်မွေ့တဲ့ တောင်သမန်အင်းစောင်းမှာ ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။

စာပေအနုပညာရှင်တွေရဲ့ အမှတ်တရကျောက်စာကမ္ဗည်းတိုင်တွေ၊ ဆရာတော်ရဲ့ဘုရားဝင်းထဲမှာ အမှတ်တရစိုက်ထူခဲ့တဲ့ ဆရာတော် ကိုပညာဟာ မောင်မိုးသူ ကွယ်လွန်ရင်လည်း ကမ္ဗည်းကျောက်စာထားမယ်လို့ အမြဲပြောလေ့ရှိတဲ့ ဆရာတော် ကိုပညာဟာ သူ့တစ်သက်လုံး မြတ်နိုးခဲ့တဲ့ တောင်လေးလုံးမှာ လဲလျောင်းပျံလွန်တော်မူသွားပါတယ်။ ဆရာတော်ပျံလွန်တော်မူတဲ့နေ့ဟာ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ဖြစ်ပါတယ်။ ဆရာတော်ရဲ့ဂူဗိမာန်လည်း သူ့ဆရာဖြစ်တဲ့ ဆရာသန်းထွန်း အနားမှာထားမှာပဲလို့ အဝေးက မှန်းဆနေမိပါတယ်။

ဆရာတော် ကိုပညာနဲ့ မောင်မိုးသူတို့ရဲ့ တစ်ပိုင်းတစ်စလေးတွေ ဖြစ်ပါတယ်။ ဓာတ်ပုံတွေကို မမဝင်း(ဒေါ်ကလျာ) အိမ်ကသွားယူပြီး ပေးလိုက်တာဖြစ်ပါတယ်။

# မန္တလေးကုန်စည်ဒိုင်တွင် မေလအတွင်း ကြိုရောင်းကြိုဝယ်ကိစ္စများကြောင့် ငွေကျပ် သိန်းပေါင်း ၁၀၀၀၀ ကျော် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့

**မန္တလေး မေ ၂၂**

မန္တလေးမြို့ရှိ ပွဲစားကုန်သည်စက်ပိုင်များကထိန်တော်အသင်း(ကုန်စည်ဒိုင်)တွင် မကြာခဏဖြစ်ပေါ်နေသည့် ငွေကြေးပြဿနာများအား နိုင်ငံတော်က ချမှတ်ထားသည့်ဥပဒေတစ်ရပ်ရပ်ဖြင့် ဟန့်တားထိန်းချုပ်ပေးစေလိုကြောင်း မန္တလေးကုန်စည်ဒိုင်အသင်းဝင်များထံမှ သိရသည်။

ကုန်စည်ဒိုင်အသင်းဝင် အများစုသည် နိုင်ငံခြားပို့ကုန်ပဲအမျိုးမျိုးအား ငွေလက်ငင်းမချေဘဲ ကုန်ပစ္စည်းကို လက်ခံယူထားခြင်းဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းကိုအကြောင်းပြု၍ ငွေကို ကြိုတင်ယူထားခြင်းဖြင့် လည်းကောင်း ယုံကြည်မှုအရ အရောင်းအဝယ်ပြုလုပ်နေခြင်းအပေါ် ဖြစ်ပေါ်လာသည့်ငွေကြေးပြဿနာများကို တောင်သူများနှင့်ပွဲရုံငယ်များသာ အဓိကနစ်နာဆုံးရှုံးနေရကြောင်း ရန်ကုန်နှင့် မန္တလေးကုန်စည်ဒိုင်အသင်းဝင် ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်) ပွဲရုံက ပြောသည်။



မန္တလေးကုန်စည်ဒိုင်၌ အရောင်းအဝယ်ပြုလုပ်သူများအား တွေ့ရစဉ်

"ငွေကြေးပြဿနာဖြစ်တိုင်း အရပ်သဘောနဲ့ ပြေလည်သလောက် ပေးချေညှိနှိုင်းပြီး ကျေအေးခဲ့ကြတော့ ဖြေရှင်းနည်းမဟုတ်တဲ့အတွက် ဒီလိုပြဿနာတွေ အကြိမ်ကြိမ်ထပ်ပြီး ဖြစ်ပေါ်နေတာပါ။ ဒါကြောင့် ငွေကြေးပြဿနာဖန်တီးလိုသူတွေကို နိုင်ငံတော်က ထိရောက်တဲ့ ဥပဒေတစ်ရပ်ရပ်နဲ့ ဝင်ရောက်ဟန့်တားထိန်းချုပ်ပေးစေလိုပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်နှင့်မန္တလေး ကုန်စည်ဒိုင်များတွင် ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစ၍ ယခုအချိန်အထိ ငွေကြေးပြဿနာများ သိန်းပေါင်းသိန်းချီဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ပြီး မန္တလေးကုန်စည်ဒိုင်တွင် ငါးနှစ်အတွင်း လေးကြိမ်တိတိ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်တွင် ကြိုရောင်းကြိုဝယ်ကိစ္စရပ်များ မပြုလုပ်ရန် စည်းကမ်းချက်များ ထုတ်ပြန်ကြေညာထားသော်လည်း လိုက်နာမှုမရှိဘဲ အသင်းသားတချို့က လုပ်ဆောင်ခဲ့ကြရာ ဈေးနှုန်းကွာဟချက် ကြီးမားသွားခြင်းကြောင့် ယခုကဲ့သို့ ငွေကြေးပြဿနာများ ဖြစ်ပေါ်ခဲ့ရကြောင်း မန္တလေးကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးကျော်သွင်က ထပ်လောင်း ပြောကြားသည်။

"အဓိကဖြစ်ရတာက ကြိုရောင်းတဲ့အချိန်မှာ ဈေးကနိမ့်ပြီး ငွေရှင်းရမယ့်အချိန်လည်းရောက်ရော ဈေးမြင့်သွားတော့ မရှင်းနိုင်ဘဲ အခုလိုပြဿနာတွေဖြစ်ရတာပါ။ ဒီလိုဖြစ်လာတဲ့အခါမှာလည်း အသင်းက ထုတ်ပြန်ထားတဲ့စည်းကမ်းအရ အသင်းသားအဖြစ်ကနေ ထုတ်ပယ်တာမျိုးလုပ်ခဲ့ပါတယ်။ ဒါကို မကျေနပ်ခဲ့ရင်လည်း ပြင်ပကနေ တရားဥပဒေအရ တရားစွဲဆိုလို့ရပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုအခါတွင် အသင်းအနေဖြင့် ယင်းပြဿနာများဖြစ်ပေါ်မှုမှ ဟန့်တားထိန်းချုပ်နိုင်ရန် ကြိုရောင်းကြိုဝယ်ပြုလုပ်နေပါကအသင်းတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းသူရော ဝယ်သူပါ ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ကြိုတင်ပေးသွင်းထားပြီး ရက်၃၀အတွင်း အပြီးပေးချေရန် စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း ၎င်းကပြောသည်။

မန္တလေးကုန်စည်ဒိုင်တွင် ယခုမေလအတွင်း ကြိုရောင်းကြိုဝယ်ကိစ္စရပ်များကြောင့် ငွေကျပ် သိန်းပေါင်း ၁၀၀၀၀ ကျော် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**

# စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၂**

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော ပထမအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်)ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မေ ၂၈ ရက် စနေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီထိပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ကြသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" က အခြားသောလက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်ပုဂ္ဂိုလ်များအနေဖြင့် " စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း ၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ မေ ၂၆ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

**(သတင်းစဉ်)**

# ကျွန်တော်နဲ့ ဖွံ့ဖြိုးမှုပါရာဒိုင်း



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ပါရာဒိုင်းဆိုတဲ့စကားလုံးဟာ တစ်ချိန်က တွင်တွင်သုံးစွဲခဲ့တာ တွေ့ခဲ့ရတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး အမျိုးမျိုးသုံးကြတယ်။ အခြေခံဝေါဟာရက ဂရိစကားဖြစ်ပြီး အတွေးအခေါ်အယူအဆကို ရည်ညွှန်းတာဖြစ်တယ်။ ဒါကြောင့်လည်း စီးပွားရေးပညာမှာ အခြေခံပါရာဒိုင်းတွေ ရှိခဲ့ကြတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး ပါရာဒိုင်းတွေဟာ ခေတ်နဲ့အညီ ပြောင်းလဲလာခဲ့တယ်။**

ကျွန်တော်တို့ငယ်ငယ်က တက္ကသိုလ်မှာ စီးပွားရေးပညာကို သင်ခဲ့တဲ့အချိန်မှာ ဒီကာလမှာရှိခဲ့တဲ့ ပါရာဒိုင်းတွေကို လေ့လာခွင့်ရရှိခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်ကျော်က ခေတ်စားခဲ့တဲ့ အတွေးအခေါ်တွေအနက် ဖွံ့ဖြိုးမှုအဆင့်များကို အများကလက်ခံခဲ့ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို လေယာဉ်ပြေးလမ်းမှာ ကောင်းကင်ကိုတက်တော့မယ့် လေယာဉ်ပျံတစ်စင်းအနေနဲ့ ကိုယ်စားပြုခဲ့တယ်။ ပြေးလမ်းမှာအရှိန်ယူပြီး ပျံတက်နိုင်အောင်ကြိုးစားကြရတယ်။ နိုင်ငံများရဲ့ဖွံ့ဖြိုးမှုကို ပုံသေနည်းအဖြစ် သတ်မှတ်ခဲ့ပြီးညီမျှခြင်းမှာပါရှိသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ခဲ့ရင် မည်သည့်နိုင်ငံမဆိုလိုလားတဲ့ဖွံ့ဖြိုးမှုကို ရနိုင်မယ်လို့ ဟောကိန်းထုတ်ခဲ့ကြတယ်။

၁၉၈၀ နောက်ပိုင်းမှာခေတ်စားခဲ့တဲ့ ဖွံ့ဖြိုးမှုပါရာဒိုင်းအသစ်ကို ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့က ပူးပေါင်းပြီးဖော်ထုတ်ခဲ့တယ်။ ဒီအဖွဲ့အစည်းနှစ်ခုဟာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့မှာ ရုံးစိုက်တာမို့ ဝါရှင်တန်နားလည်သဘောတူမှုလို့ သတ်မှတ်ခဲ့ပါတယ်။ ဒီသဘောတူညီမှုဟာ အမှန်စင်စစ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ပုံသေနည်းတစ်ရပ်ဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထားတာဖြစ်ပြီး နိုင်ငံတော်အစိုးရရဲ့ အခန်းကဏ္ဍကို လျှော့ချပြီး ကုန်သွယ်မှုကို အခြေခံပုံစံတစ်ရပ်ဖြစ်တယ်။ တစ်ခုတော့ရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုပုံစံတစ်ရပ်ကို ရုပ်လုံးဖော်ရာမှာ နိုင်ငံရေးအတွေးကိုတော့ မေ့လို့မဖြစ်ပါဘူး။

ဝါရှင်တန်နားလည်သဘောတူမှုဟာ အမေရိကန်နိုင်ငံရဲ့ အရင်းရှင်စီးပွားရေးလွှမ်းမိုးမှုကို ဖော်ဆောင်ခြင်းဖြစ်တယ်။ အစိုးရရဲ့ အခန်းကဏ္ဍကို လျှော့ချမှုဟာ အခြေခံလူတန်းစားတွေရဲ့ လူမှုရေးလိုအပ်မှုတွေကို နစ်နာထိခိုက်စေခဲ့တယ်။ ဒီပုံသေနည်းကို ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းတွေရဲ့ အကူအညီအထောက်အပံ့တို့ကို လိုလားတောင်းဆိုတဲ့နိုင်ငံတွေက လက်ခံကျင့်သုံးကြရတယ်။ ဆေးကြောင့်လူနာမသက်သာဘဲ ပိုမိုအခြေအနေဆိုးရွားသွားခဲ့တယ်။ ဒီပုံသေနည်းတွေကို အဖွဲ့အစည်းနှစ်ရပ်က ဖိအားပေးပြီး ကျင့်သုံးစေခဲ့တယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ နာလန်မထူနိုင်ဘဲ အတိဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။

ဖွံ့ဖြိုးမှုပါရာဒိုင်းအသစ်ကို လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်က ကုလသမဂ္ဂအဖွဲ့အစည်းက ဖော်ထုတ်ခဲ့တယ်။ အမှန်တော့ ဒီပါရာဒိုင်းဟာ လူသားဖွံ့ဖြိုးမှုကို ရည်ညွှန်းခြင်းဖြစ်တယ်။ ပါရာဒိုင်းမှာပါဝင်တဲ့အယူအဆကို ၁၉၉၀ ပြည့်နှစ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူအင်န်ဒီပီ ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ အစီရင်ခံစာမှာ ဖော်ထုတ်ခဲ့တယ်။ ယူအင်န်ဒီပီက ထုတ်ခဲ့ပေမယ့် အစီရင်ခံစာပါ အယူအဆတွေကိုတော့ ဖွံ့ဖြိုးမှုစီးပွားရေးပညာရှင်တစ်စုက ဦးစီးဦးရွက်ပြုခဲ့တာ။

ပညာရှင်တွေအနက် စီးပွားရေးနိုဘယ်ဆုရ ပါမောက္ခအမာတရာဆင်း ပါဝင်ခဲ့သလို ကွယ်လွန်သွားတဲ့ ပါကစ္စတန်နိုင်ငံက ဆရာကြီးမာဘူးဟတ်လည်းပါတယ်။ ကျွန်တော် ကုလသမဂ္ဂကလေးများရန်ပုံငွေမှာ တာဝန်ယူစဉ်က ကြီးကြပ်သူဖြစ်တဲ့ ပါမောက္ခရစ်ချက်ဂျော်လီဆိုသူလည်း ပါဝင်ကြတယ်။ သူတို့တစ်တွေဟာ အင်္ဂလန်နိုင်ငံက နာမည်ကြီးတက္ကသိုလ်တွေမှာ ပါရဂူဘွဲ့တွေကို တစ်ချိန်တစ်ခါတည်း ယူခဲ့ကြတယ်။ ငယ်ပေါင်းကြီးဖက်တွေ ပညာသင်ယူမှုပြီးဆုံးချိန်မှာ တက္ကသိုလ်တွေမှာ သုတေသနတွေလုပ်၊ စာတွေသင်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ဆက်ယူကြတယ်။ သီအိုရီသဘောထားကို ပိုင်နိုင်ကြတယ်။ သီအိုရီကို ကြေညက်တာမို့ လက်တွေ့ပြဿနာတွေကို ဆန်းစစ်ရာမှာ စနစ်ကျတယ်။ စုံစမ်းစစ်ဆေးမှုတွေဟာ ခိုင်လုံတဲ့သုတေသနတွေအပေါ် အခြေခံထားတယ်။

ဒါနဲ့ပတ်သက်ပြီး သီအိုရီနဲ့လက်တွေ့ ဆက်စပ်မှုနဲ့ပတ်သက်ပြီး နားလည်မှုတွေ လွဲချော်နေကြတယ်လို့ ကျွန်တော်မြင်တယ်။ သီအိုရီအခြေခံပြည့်စုံရင် လက်တွေ့ပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါမှာ လုံခြုံတယ်၊ ပြည့်စုံတယ်။ သီအိုရီအခြေခံမရှိဘဲ လက်တွေ့အတွေ့အကြုံတွေသာ အားကိုးနေရင် ပြည့်စုံမှုမရှိနိုင်ဘူး။ အမှန်စင်စစ် သီအိုရီဆိုတာဟာလည်း လက်တွေ့ကရလာတဲ့ အတွေ့အကြုံကို စနစ်တကျစုစည်းထားတာသာ ဖြစ်တယ်။ ဒါကြောင့် သီအိုရီနဲ့လက်တွေ့ဟာ အပြန်အလှန် ဆက်စပ်နေတယ်။ သီအိုရီရှိမှသာ လက်တွေ့ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်သလို လက်တွေ့အတွေ့အကြုံတွေကတစ်ဆင့် သီအိုရီအသစ်တွေကို ဖော်ထုတ်သွားနိုင်မှာသာ ဖြစ်တယ်။

၁၉၉၀ ပြည့်နှစ်က ဖော်ထုတ်ခဲ့တဲ့ပါရာဒိုင်းဟာ လူသားဖွံ့ဖြိုးမှုညွှန်းကိန်းတစ်ခုအပေါ် အခြေခံတာဖြစ်တယ်။ ဒီညွှန်းကိန်းဟာ ဖွံ့ဖြိုးမှုကို ရှုထောင့်သုံးမျိုးမှ ဆန်းစစ်တာဖြစ်တယ်။ ပထမကိန်းရှင်က ဝင်ငွေဖြစ်တယ်။ ဝင်ငွေဟာ လူတစ်ဦးတစ်ယောက်ရဲ့ ရွေးချယ်နိုင်မှုကို ကျယ်ပြန့်နိုင်စေပါတယ်။ ဒုတိယကိန်းရှင်က ကျန်းမာရေးပေတံဖြစ်တယ်။ လူသားဖွံ့ဖြိုးမှုအတွက် လူတစ်ဦးချင်းရဲ့ကျန်းမာရေးဟာ အလွန်ပဓာနကျတယ်။ နောက်ဆုံးကိန်းရှင်ကတော့ ပညာရေးပေတံဖြစ်တယ်။ တစ်နည်းပြောရရင် ငွေကြေးချမ်းသာမှု၊ ကျန်းမာသန်စွမ်းမှုနဲ့ ပညာတတ်မြောက်မှုဖြစ်တယ်။

**ဖွံ့ဖြိုးမှုပါရာဒိုင်းအသစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲမှုကို ကြိုဆိုနေချိန်မှာ စဉ်းစားသင့်တဲ့ကိစ္စတစ်ရပ်ဖြစ်တယ်။ နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ ဆင်းရဲမှုကို ရင်ဆိုင်ဖြေရှင်းပေးဖို့ လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ပထဝီအနေအထားကရလာတဲ့ အခွင့်အရေးတွေကို ဆုပ်ကိုင်နိုင်ရမယ်။ ပြိုင်ဆိုင်မှုအရှိန်အဟုန်မြင့်မားတဲ့ ဒေသဈေးကွက်နဲ့ နိုင်ငံတကာဈေးကွက်တွေမှာ ရဲရဲဝံ့ဝံ့ ပါဝင်နိုင်စွမ်းရှိရမယ်။ အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းများဟာ ဟန်ချက်ညီညီနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာ ဖြစ်ပါတယ်။**

လူသားဖွံ့ဖြိုးမှုတိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့အခန်းကဏ္ဍဟာ ပဓာနကျတဲ့နေရာမှာရှိတယ်။ အစိုးရဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အာရုံပြုပြီး ဦးစားပေးဆောင်ရွက်ရမှာဖြစ်တယ်။ ဒါကြောင့် ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုဝန်ထမ်းကဏ္ဍတွေကို ဦးစားပေးရမယ်။ ရှေ့တန်းတင်ရမယ်။ တစ်ဖက်မှာလည်း စွန့်ဦးတီထွင်မှုကို အားပေးတဲ့ အစိုးရဖြစ်ပြီး ပွင့်လင်းတဲ့ကုန်သွယ်မှု စနစ်တစ်ရပ်ကို ဖော်ထုတ်ရမယ်။ တာဝန်ရှိသူတွေဟာ ပြည်သူတွေရဲ့အသံကို အမြဲနားထောင်ပြီး တာဝန်ခံနိုင်ရမယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့လိုအပ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုမှာ လူသားဖွံ့ဖြိုးဖို့အတွက် အားလုံးကို ပါဝင်ပတ်သက်မှုရှိအောင် ဖန်တီးနိုင်ရမှာဖြစ်တယ်။ မတူညီမှုတွေကို လက်ခံနိုင်စွမ်းရှိရမယ်။ အယူအဆမတူတာ၊ ယုံကြည်ကိုးကွယ်မှုမတူတာတွေဟာ ဆန့်ကျင်ဘက်တွေမဟုတ်ဘဲ အင်အားတွေဖြစ်တယ်။ လူသားဖွံ့ဖြိုးမှုကို စဉ်းစားရာမှာ လူငယ်တွေကို ထိပ်တန်းတင်ထားရမယ့် အလုပ်အကိုင်အခွင့်အရေးတွေ ဖန်တီးပေးဖို့လိုသလို သူတို့ကို လေးစားအသိအမှတ်ပြုရမယ်။

ပါရာဒိုင်းအသစ်မှာ အခြေခံအင်အား သုံးရပ်ရှိတယ်။ တည်ဆဲအယူအဆ အတွေးအခေါ် တွေကို လက်မခံဘဲ မေးခွန်းထုတ်ရဲတဲ့သတ္တိရှိရမယ်။ တစ်ဖက်က ဗဟိုကအစစအရာရာ စီစဉ်ဆုံးဖြတ်တဲ့ပုံစံကို ပစ်ပယ်သလို တစ်ဖက်မှာလည်း စောစောကတင်ပြခဲ့တဲ့ ဝါရှင်တန်သဘောတူညီအခြေခံတွေကို ပစ်ပယ်တယ်။

ပထမအင်အားက နိုင်ငံတော်ရဲ့အခန်းကဏ္ဍ တာဝန်ဖြစ်တယ်။ အစိုးရနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍမှာ တာဝန်ယူသလို ပုဂ္ဂလိကကဏ္ဍရှင်သန်ဖို့ လိုအပ်တဲ့ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမယ်။ နိုင်ငံ့တာဝန်ယူသူတွေဟာ ကာလရှည်အမြင် မဟာဗျူဟာအမြင်တွေ ရှိဖို့လိုအပ်သလို ခေါင်းဆောင်မှုကို ပေးစွမ်းနိုင်ရမယ်။ ဒီလို ဆောင်ရွက်ရာမှာ တူညီတဲ့ယုံကြည်မှုတွေ၊ ခံယူမှုတွေ၊ ခံယူချက်တွေနဲ့ တည်ဆောက်ပြီး စည်းလုံးညီညွတ်မှုကို ဦးတည်ရမယ်။ အစိုးရအနေနဲ့ တာဝန်ယူတဲ့နေရာမှာ ရှေ့နောက်ညီတဲ့ ပေါ်လစီမူဝါဒတွေဖော်ထုတ်ပြီး ပုံသေနည်းအသုံးပြုမှုကို ရှောင်ရမယ်။ ပျော့ပျောင်းတဲ့မူဝါဒတွေ ချမှတ်ပြီး ဈေးကွက်ကိုထိန်းချုပ်ပြီး ပို့ကုန်ရှေ့တန်းတင်တဲ့ ကုန်သွယ်မှုစနစ်တစ်ရပ်ကို တည်ဆောက်ရမယ်။ တိုးတက်လာတဲ့ နည်းပညာအသစ်တွေကို နိုင်ငံအတွက်အကျိုးရှိအောင် ဖန်တီးနိုင်စွမ်းရှိရမယ်။ နိုင်ငံတော်မှာ လုပ်စရာတွေ အများကြီးရှိတယ်။ လုပ်စရာတွေများတဲ့အတွက် ဦးစားပေးရွေးချယ်ဖို့ လိုအပ်တယ်။ အရာရာကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်မှာ မဟုတ်တာမို့ ကာလတို၊ ကာလလတ်၊ ကာလရှည်အတွက် ဦးစားပေးဆောင်ရွက်မှုတွေကို ရွေးချယ်ဖော်ထုတ်ဖို့ လိုအပ်တယ်။ အခြေခံစဉ်းစားချက်ကတော့ လူကိုဗဟိုပြုတဲ့ ဦးစားပေးမှုတွေ ဖြစ်ရမယ်။ လူသားဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းတွေဖော်ထုတ်ဖို့ လိုအပ်တယ်။ နိုင်ငံတော်အနေနဲ့ ပို့ကုန်လုပ်ငန်းတွေကိုပြုစုပြီး ပျိုးထောင်ရမှာဖြစ်တယ်။ အစိုးရအနေနဲ့ လက်တွေ့ကျကျ စဉ်းစားဆုံးဖြတ် အကောင်အထည်ဖော်ရမှာဖြစ်တယ်။ အလုပ်အကိုင်အခွင့်အရေးကို ဖော်ထုတ်ရာမှာ အရည်အသွေးမြင့်မားတဲ့ အလုပ်အကိုင်တွေကို ဆိုလိုတာဖြစ်တယ်။

ဒုတိယအင်အားက နိုင်ငံတကာဈေးကွက်နဲ့ ချိတ်ဆက်ပြီး အခွင့်အရေးသစ်တွေ ဖော်ထုတ်ရမယ်။ ကျွန်တော်တို့နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်တွေမှာ နိုင်ငံတကာဈေးကွက်နဲ့ ကင်းဝေးခဲ့တယ်။ နိုင်ငံရေး၊ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အဆက်အသွယ်တွေ ပြတ်ခဲ့တယ်။ အခုချိန်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် စီးပွားရေးအခွင့်အလမ်းအသစ်တွေ ပေါ်ထွက်လာမှာဖြစ်တယ်။ ကမ္ဘာ့ဈေးကွက်နဲ့ ပြန်လည်ချိတ်ဆက်ရာမှာ တစ်ကြိမ်တစ်ခါတည်း ဖွင့်တာမျိုးမဟုတ်ဘဲ အဆင့်ဆင့် တဖြည်းဖြည်းချင်းဆောင်ရွက်ရမယ်။ တစ်ဖက်က ကမ္ဘာ့ဈေးကွက်နဲ့ ချိတ်ဆက်နေသလို တစ်ဖက်ကလည်း ပြည်တွင်းအင်အားတွေကို စုစည်းဖို့လိုတယ်။ လိုအပ်တဲ့ အရည်အသွေးတွေ တိုးတက်မှုရှိအောင် ဖန်တီးရမယ်။

နောက်ဆုံးအင်အားကတော့ လူမှုရေးကဏ္ဍမှာ ဆန်းသစ်တဲ့တီထွင်မှုတွေကို ဖော်ထုတ်ရမယ်။ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူရင်း နိုင်ငံလေးနိုင်ငံပါဝင်တဲ့ သုတေသနကို ဆောင်ရွက်ခဲ့တယ်။ ဒီနိုင်ငံတွေဟာ အာရှတိုက်နဲ့ အာဖရိကတိုက်တွေမှာ ရှိကြတာ။ လေ့လာချက်မှာ ဒီနိုင်ငံတွေ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ နိုင်ငံတော်ရဲ့ဘတ်ဂျက် မည်ရွေ့မည်မျှအသုံးချသင့်သလဲဆိုတဲ့ မေးခွန်းတစ်ရပ်ကို ထုတ်ခဲ့တာ။ တွေ့ရှိချက်အရ နိုင်ငံတစ်နိုင်ငံရဲ့ အစိုးရဘတ်ဂျက်ရဲ့ အနည်းဆုံး ၂၀ ရာခိုင်နှုန်း သုံးစွဲသင့်ကြောင်း တွေ့ရှိရတယ်။ လူမှုရေးနယ်ပယ်မှာ မလိုလားတဲ့ ဘာသာရေးပဋိပက္ခတွေ၊ လူမျိုးရေးပဋိပက္ခတွေကို ရင်ဆိုင်ဖြေရှင်းရမှာဖြစ်တယ်။ ဒီနေရာမှာ ဆင်းရဲတဲ့ပြည်သူတွေကို ဦးစားပေးရမယ်။ သူတို့တစ်တွေကို သုံးသပ်တဲ့ပုံစံပြောင်းရမယ်။ မိမိဘဝတိုးတက်မှုအတွက် မိမိဘာသာ ပါဝင်ဖော်ဆောင်နိုင်စွမ်းရှိသူများအဖြစ် လက်ခံရမယ်။

အချုပ်အနေနဲ့ ဖွံ့ဖြိုးမှုပါရာဒိုင်းအသစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲမှုကို ကြိုဆိုနေချိန်မှာ စဉ်းစားသင့်တဲ့ကိစ္စတစ်ရပ် ဖြစ်တယ်။ နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ ဆင်းရဲမှုကို ရင်ဆိုင်ဖြေရှင်းပေးဖို့ လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ပထဝီအနေအထားကရလာတဲ့ အခွင့်အရေးတွေကို ဆုပ်ကိုင်နိုင်ရမယ်။ ပြိုင်ဆိုင်မှုအရှိန်အဟုန်မြင့်မားတဲ့ ဒေသဈေးကွက်နဲ့ နိုင်ငံတကာဈေးကွက်တွေမှာ ရဲရဲဝံ့ဝံ့ ပါဝင်နိုင်စွမ်းရှိရမယ်။ အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများဟာ ဟန်ချက်ညီညီနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာ ဖြစ်ပါတယ်။ ။



**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာ ရွှေဘုန်းသာမြတ်စွာဘုရား၌ နှစ်စဉ် ကဆုန်လဆန်း ၁၂ ရက်မှ လပြည့်နေ့အထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိသော လှေပြိုင်ပွဲကို ဘုရားအနောက်ဘက် ရေကန်အတွင်း၌ ကဆုန်လဆန်း ၁၂ ရက်က ကျင်းပစဉ်** (လှေပြိုင်ပွဲတွင် ဆင်ရွာကြီးကျေး ရွာရှိ အောင်မင်္ဂလာရပ်ကွက်၊ ရွှေရတနာရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ မဟာဝန်ဆင်မှူး ရပ်ကွက်၊ ကံသာကျေးရွာနှင့် တောကျောင်းကွင်းတို့မှ လှေအသင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။)
**အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

## မြစ်သာမြစ်ရေကြီးသဖြင့် ကျေးရွာချင်းဆက်တံတားပျက်စီး

**ကလေး မေ ၂၂**

ကလေးမြို့နယ်တွင် မေ ၁၉ ရက်က မိုးရွာသွန်းမှုကြောင့် မြစ်သာမြစ်ရေမြင့်တက်ပြီး နတ်နန်းကျေးရွာနှင့် အင်းဒင်ကျေးရွာကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် သစ်လုံးမျောတိုင်တံတားမှာ ညနေ ၆ နာရီခန့်က မြစ်ထဲသို့ မျောပါပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို ကျေးရွာနေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကာလတန်ဖိုး ကျပ် ၁၅ သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်ထားခဲ့ကြောင်း၊ တံတားအရှည်မှာ ပေ ၆၀၀ ခန့်ရှိပြီး ဒေသခံပြည်သူများ အားထားအသုံးပြုနေရသည့် ကျေးရွာချင်းဆက်တံတားဖြစ်ရာ ယခုအခါ တံတားမရှိတော့ခြင်းကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြုံတွေ့လျက်ရှိကြောင်း အင်းဒင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစံဖေ၏ ပြောကြားချက်အရ သိရသည်။

**ဂျူနိုင်း**

# မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆက်ဆံရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန် ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ **(ယာပုံ)**နိုင်ငံငြိမ်းချမ်းရေးအတွက် ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး၊ လက်ရှိနိုင်ငံတော်အစိုးရနှင့် တပ်မတော်ဆက်ဆံရေး၊ မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆက်ဆံရေး၊ အာဆီယံနှင့်ပတ်သက်သည့် ဒေသတွင်းဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

မစ္စတာ ဂျွန်ကယ်ရီက မြန်မာနိုင်ငံ၏ သမိုင်းဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ တပ်မတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ ဖြစ်စေရေး၊ အသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြီးမြောက်စေရေးတို့ကို ကြိုတင်ပြောကြားခဲ့သည့်အတိုင်း အောင်မြင်စွာ လုပ်ဆောင်နိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ ယင်းသို့ ဆုံးဖြတ်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတကာ၏ ယုံကြည်မှုလမ်းကြောင်းပေါ်သို့လည်း မြန်မာနိုင်ငံကို ပို့ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖော်ဆောင်မှုကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အခြေအနေများပေါ်တွင်မူတည်၍ များစွာစဉ်းစားလုပ်ဆောင်ရကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ၊ ပထဝီနိုင်ငံရေး အနေအထားများနှင့် ကိုက်ညီသည့် နိုင်ငံရေးပုံစံဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ တိုင်းရင်းသား လူနည်းစုရေးရာကိစ္စရပ်များနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင်ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ဆက်ဆံမှုများ



မရှိဘဲ တစ်ပြေးညီ အခွင့်အရေးများပေးထားပြီး တန်းတူညီတူပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ လူဦးရေ ၅၁ သန်းကျော်တွင် ၈၅ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး အစ္စလာမ်၊ ခရစ်ယာန် အစရှိသည့် အခြားဘာသာဝင်များကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားကြောင်း၊ ဘာသာရေးခွဲခြားမှုမရှိကြောင်း၊ လူအများစု ကိုးကွယ်သည့် ဗုဒ္ဓဘာသာကိုလည်း လေးစားရမည်ဖြစ်ကြောင်း၊ တချို့နိုင်ငံတကာတွင် ပြောဆိုနေကြသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် ကွဲပြားခြားနားမှုရှိကြောင်း ပြောကြားခဲ့သည်။

**(မြဝတီ)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်ဝင်ပေါက်မှ လည်ပတ်လျက်ရှိ

**နေပြည်တော် မေ ၂၂**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်/ထွက် လည်ပတ်လျက်ရှိရာ မေ ၁၂ ရက်မှ မေ ၁၉ ရက်ထိ ထိုင်း၊တရုတ်နှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၄၉၅ ဦးတို့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်သို့ ဝင်ရောက်လာကာ တာချီလိတ်မြို့တွင်းရှိ လည်ပတ်၍ရသော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်းကောင်းဈေး၊ မြို့လယ်ခမ္မာရုံ၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ နဂါးနှစ်ကောင်ရှမ်းဘုန်းကြီး ကျောင်း၊ တရုတ်ဘုံကျောင်းနှင့် မိုးနှင်းဘုရား(ရှမ်း) ဘုန်းကြီးကျောင်းများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ ထိုင်းနှင့် တတိယနိုင်ငံသားအများစုပါဝင်သော ခရီးသွားဧည့်သည် ၂၆၃ ဦးတို့သည် မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်ဒေသများသို့လည်းကောင်း၊ ထိုင်းနိုင်ငံသား အများစုပါဝင်သော ခရီးသွားဧည့်သည် ၄၂ ဦးတို့သည် မိုင်းလားခရီးစဉ်ဒေသသို့လည်းကောင်း၊ ထိုင်း၊ တရုတ်နှင့် တတိယနိုင်ငံသားအများစုပါဝင်သော ခရီးသွားဧည့်သည် ၁၉၉ ဦးတို့သည် တာချီလိတ်မှတစ်ဆင့် တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေး၊ ကျိုက်ထီးရိုး၊ ရန်ကုန်စသည့် ပြည်တွင်းပိုင်းခရီးစဉ်ဒေသများသို့လည်းကောင်း သွားရောက်လည်ပတ်ကြသည်။

ယခုအခါ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ခရီးစဉ်ဒေသများသို့ နိုင်ငံခြားသားများ လာရောက်လည်ပတ်မှု စိတ်ဝင်စားမှုများလာသောကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှ တစ်ဦးချင်းသာမက အစုအဖွဲ့များဖြင့် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ စဉ်ဆက်မပြတ် စည်ကားစွာ ဝင်/ထွက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြို့၏ပုံရိပ်ကိုထိခိုက်စေသည့် အပြုအမူများပပျောက်စေရေး ညောင်ဦးတွင် ဌာနဆိုင်ရာများ ပူးပေါင်းကွင်းဆင်းဆောင်ရွက်

**ညောင်ဦး မေ ၂၂**

ညောင်ဦးတွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် အရပ်လေးမျက်နှာရှိ ပတ်ဝန်းကျင်မြို့များမှ ညောင်ဦး(ပုဂံ)မြို့နယ်သို့အလာ အဝေးပြေးလမ်းမတစ်လျှောက် အချို့နေရာများနှင့် သဲချောင်းများတွင် ဖြတ်သန်းမောင်းနှင်လာသော ဘုရားဖူးလာမော်တော်ယာဉ်များနောက် ပြေးလွှားလိုက်ကာ တောင်းရမ်းစားသောက်သူများပပျောက်စေရေးအတွက် စီမံချက်တစ်ခုအနေဖြင့် မေ ၂၀ ရက် နံနက်က ကွင်းဆင်းအသိပေးဟောပြောခြင်း၊ ဘုရားဖူးလာမော်တော်ယာဉ်များပေါ်ပါ ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်းမှ ညောင်ဦးမြို့ အဝင်ဂိတ်၊ မြင်းခြံမှ ညောင်ဦးမြို့ အဝင်ဂိတ်၊ ညောင်ဦးမှ ပုပ္ပားသွား ဗျတ္တပန်းဆက်လမ်း လမ်းဆုံနှင့် ညောင်ဦးမှ မြင်းခြံသွားကားလမ်းပေါ်ရှိ မာလာသဲချောင်း စသည့်နေရာများသို့ အဖွဲ့လေးဖွဲ့ခွဲကာ သွားရောက်၍ ညောင်ဦးသို့ ဘုရားဖူး အလည်အပတ်လာသည့် မော်တော်ယာဉ်များပေါ်ပါ ယာဉ်မောင်းနှင့် ပြည်သူများအား အသိပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ကမ်းစာစောင်တွင် တရားဝင် အလှူခံမဏ္ဍပ်များမှအပ လမ်းဘေးတွင် တောင်းရမ်းသူများကို ယာဉ်ပေါ်မှတိုက်ရိုက်ပေးလှူ ငွေစွန့်ကြဲချခြင်းကြောင့် ယာဉ်အန္တရာယ်နှင့် အသက်ဆုံးရှုံးမှု အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ယူလိုစိတ်နှင့် အကျင့်စာရိတ္တတို့ ပျက်ယွင်းစေနိုင်ပြီး မြို့၏ပုံရိပ်ကို ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ ယာဉ်စီး၊ ယာဉ်မောင်း မိဘပြည်သူများအနေဖြင့် မော်တော်ယာဉ်များပေါ်မှ တိုက်ရိုက်ငွေကြဲချခြင်းများ မပြုလုပ်ကြပါရန် အထူးမေတ္တာရပ်ခံပါကြောင်း ဖော်ပြပါရှိသည်ကို တွေ့ရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကျေးလက်နေပြည်သူများ နေထိုင်သည့် အိမ်၊ ခြံမြေကွက်များ မြေငှားဂရန် ထုတ်ပေးနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ မေ ၂၂**

ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများနေထိုင်သည့် အိမ်၊ ခြံမြေကွက်များကို မြေငှားဂရန်(မြေငှားစာချုပ်) ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်မြေများ မြေငှားဂရန်ထုတ်ပေးရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် တာဝန်ရှိသူများသည် မေလဒုတိယပတ်က ပိတောက်ကုန်း၊ လုံခြုံ၊ အောင်မြင်၊ ရွာစည်ကျေးရွာများသို့ ကွင်းဆင်း၍ လမ်းနယ်နိမိတ်နှင့်ကင်းလွတ်ခြင်း ရှိ မရှိ၊ သစ်တောမြေတွင်ပါဝင်ခြင်း ရှိ မရှိ၊ လယ်ယာမြေပေါ်တွင် ကျူးကျော်နေထိုင်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးကြကာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အိမ်ခြေ၊ အိမ်ထောင်စု ၈၄ ဦးရှိသည့် ပိတောက်ကုန်းကျေးရွာအား ရွေးချယ်ခဲ့ကြသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်စန္ဒာစိုးနှင့် တာဝန်ရှိသူတို့သည် ပိတောက်ကုန်းကျေးရွာတွင် မေ ၁၇ ရက်မှစတင်ကာ ကျေးရွာမြေငှားဂရန်များ လျှောက်ထားစေခြင်းနှင့် လျှောက်လွှာများအားစိစစ်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ (၁၀၁)

# ချင်းတိုင်းရင်းသားတို့၏ နှစ်စဉ်မမေ့အပ်သည့် (၁၂၇)နှစ်ပြည့် သမိုင်းဝင်ရှာလ်လုမ်းခံတပ် အောက်မေ့ဖွယ်အခမ်းအနား တတိယအကြိမ်ကျင်းပ

**တီးတိန် မေ ၂၂**

ကိုလိုနီနယ်ချဲ့တို့အား ဆန့်ကျင် ခုခံတော်လှန်သောနေရာ မြန်မာနိုင်ငံ၏ ဒုတိယအထင်ရှားဆုံး ရှာလ်လုမ်းခံတပ် (Siallumh Fort) ကြီးသည် ချင်းပြည်နယ် မြောက်ပိုင်း တီးတိန်မြို့နယ် ဝေါ့လာ့ကျေးရွာမှ တစ်မိုင်ခွဲခန့်ကွာဝေးသောနေရာဒေသတွင် တည်ရှိသည်။ ၁၈၈၉ ခုနှစ် မေ ၄ ရက်က အဆိုပါ ခံတပ်၌ ပြင်းထန်စွာတိုက်ပွဲ ဖြစ်ပွားရာ နှစ်ဦးနှစ်ဖက် လူအသေအပျောက် အများဆုံးနှင့် ဒဏ်ရာရအများဆုံး တိုက်ပွဲဖြစ်ခဲ့သည်။

ယင်းတိုက်ပွဲတွင် ရန်သူနယ်ချဲ့တို့ဘက်မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား စုစုပေါင်း ၃၆ ဦး သေဆုံးကာ ဆာဂျင်လီကွင့်စ် (Surgeon Le Quesne) သည် အင်္ဂလန်နိုင်ငံ ဘုရင်မကြီး၏ စစ်ဘက်ဆိုင်ရာအမြင့်ဆုံး ဝိတိုရိယဘွဲ့ အပ်နှင်းခြင်းခံရသူအပါအဝင် အခြားအကြပ်တပ်သား စုစုပေါင်း ၃၈ ဦးတို့ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ချင်းတိုင်းရင်းသား မျိုးနွယ်စုစီးယင်း ချင်းမျိုးချစ် သူရဲကောင်းစစ်သည် ရဲဘော် ၁၈ ဦးနှင့် ရဲမေ ၁၀ ဦး စုစုပေါင်း ၂၈ ဦးတို့သည် အမိမြေကိုကာကွယ်ရင်း အသက်စတေးပေးလှူခဲ့ရပြီး မျိုးချစ်ရဲဘော်၊ ရဲမေများနှင့် ကလေးသူငယ်များ အပါအဝင် စုစုပေါင်း၁၁ ဦးလည်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြသည်။

ရှာလ်လုမ်းခံတပ်တိုက်ပွဲ၌ ကျဆုံးခဲ့ရသူတို့၏ ဆွေမျိုးနီးစပ်တော်သူ ဝေါ့လာ့ကျေးရွာမှ သားစဉ်မြေးများ ဦးဆောင်၍ ၂၀၁၄ ခုနှစ် မေ ၄ ရက်မှ အစပြုကာ နှစ်စဉ်အောက်မေ့ဖွယ် လွမ်းသူ့ပန်းခွေချခြင်း၊ ရိုးရာဆုတောင်းပွဲ ပြုလုပ်ခြင်း၊ ကျဆုံးသွားသောဘိုးဘွားများ၏ ရိုးရာ



တေးသီချင်းများ သီဆိုပွဲကျင်းပခဲ့ရာ ယခု ၂၀၁၆ ခုနှစ် မေ ၄ ရက်တွင် ကျရောက်သော(၁၂၇)နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကိုလည်း ကျေးရွာလူထု အင်အား ၅၀ ခန့်က တတိယအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပါဝင်နိုင်သူ သွေးသားနီးစပ်သည့် သားစဉ်မြေးမြစ် အဆက်ဆက်များမှာ ဦးဝုန့်ခိုခိုင်၊ ဦးကမ်ခတ်ပေါင်(ရွာသူကြီး)၊ ဦးဒိုကျင့်ဇမ်၊ ဦးလွန့်ခန့်နန်၊ ဦးစိန်ခန့်ပေါင်၊ ဦးငိုလျင့်ပေါင်၊ ဦးထန်ဟင့်ပေါင်၊ ဦးနန်ဒါးလ်ခိုင်၊ ဒေါ်နွမ့်ဇဒိမ့်၊ ဒေါ်ကျိန်ပေါင် (သူကြီးကတော်)၊ ဒေါ်ကျိန်ခန့်နဲမ့်၊ ဒေါ်နဲမ့်မန့်ကျိန်၊ ဒေါ်ကျိန့်ခိုမန့်၊ ဒေါ်ဝုန့်ခန့်ညောင်း၊ ဒေါ်ဝုန်ခတ်ကျိန်၊ ဒေါ်ဟွေးခန့်နဲမ့်၊ ဒေါ်ကျိန်လမ့်ဟွေး၊ မကျိန့်ခန့်ဝုန် (လူငယ်ခေါင်းဆောင်)၊ မဒိမ့်ပုမ့်နဲမ့် (လူငယ်ခေါင်းဆောင်) စသည့် ၁၉ ဦးတို့ဖြစ်ပြီး ဝေါ့လာ့ကျေးရွာသူ ကျေးရွာသား လူငယ် လူရွယ်များ၊ ကလေးသူငယ်များ အင်အား ၅၀ ခန့် ပါဝင်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှာလ်လုမ်းခံတပ် ပြုပြင်မွမ်းမံမှုမှအစ ခံတပ်တည်ရှိရာနေရာသို့ ပြည်တွင်း ပြည်ပမှ လေ့လာကြည့်ရှုနိုင်ရေး၊ မှတ်တမ်းတင်နိုင်ရေးအတွက် လာရောက်လိုသူများ ရာသီမရွေး မော်တော်ကားလမ်းဖြင့် လွယ်ကူစွာ သွားလာအသုံးပြုနိုင်ရန် လမ်းပန်းဆက်သွယ်ရေးတွင် နိုင်ငံတော်၏ အသိအမှတ်ပြုသော ကားလမ်းအဆင့်သို့ ကူညီနိုင်ရေးနှင့် သမိုင်းဝင်ခံတပ်နှင့် ပတ်သက်သည့် လိုအပ်သောကိစ္စရပ်များအား နိုင်ငံတော်က ပံ့ပိုးကူညီနိုင်ရေးတို့ကိုလည်း ဝေါ့လာ့ကျေးရွာလူထုက အထူးမျှော်လင့် တောင့်တလျက်ရှိနေကြကြောင်း သမိုင်းဝင်ရှာလ်လုမ်းခံတပ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တင်ပြအပ်ပါသည်။

**နေစု(ချင်းရိုးမ)**

# လက်ပံတောင်း၏ မနက်ဖြန်များ



**ဆားလင်းကြီး မေ ၂၂**

လာရောက်ရင်းနှီးမြှုပ်နှံကြသော ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ တာဝန်ယူမှု တာဝန်ခံမှု ပျက်ကွက်ခြင်းနှင့် ခိုင်မာသောလုပ်ထုံးလုပ်နည်းပုံစံများ မရှိခြင်းတို့ကြောင့် ဒေသခံများနှင့် ကုမ္ပဏီ၊ အစိုးရအာဏာပိုင်များအကြား ပဋိပက္ခများ ပိုမိုဆိုးရွားစွာ ဖြစ်ပွားလာခဲ့ကြောင်း မေ ၂၂ ရက် နံနက်ပိုင်းက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမအတွင်း ကျင်းပသော လက်ပံတောင်းတောင် သုတေသနစာတမ်းတွင် ထည့်သွင်းဖော်ပြထားသည်။

လက်ပံတောင်းတောင် သုတေသနစာတမ်းကို မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့(MATA)နှင့် ဒေသခံများကိုယ်တိုင်သုတေသနစစ်တမ်းကောက်ယူ၍ ရရှိလာသောအချက်အလက်မှန်များကို အခြေခံထားသည့် စာတမ်းဖြစ်ကြောင်း MATAမှ စပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင် စီမံကိန်းသုတေသနအဖွဲ့ တာဝန်ခံ သုတေသီ ကိုအေပရယ်ကြူကြူးထံမှ သိရသည်။

"သတ္တုတူးဖော်ခြင်းစီမံကိန်း အကောင်အထည်ဖော်တာတွေကြောင့် ဒေသခံတွေအနေနဲ့ ဆုံးရှုံးမှုတွေကို ခံစားနေကြရဆဲဖြစ်သလို နောက်ဆက်တွဲအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ စားနပ်ရိက္ခာဖူလုံမှုနဲ့ လူထုရဲ့ကျန်းမာရေးအပေါ် ထိခိုက်စေမှုတွေ ပါဝင်လာပါတယ်။ MATAအဖွဲ့အနေနဲ့ သဘာဝစီမံခန့်ခွဲမှုမှာ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု တာဝန်ခံတာတွေ အပြည့်ရရှိဖို့နဲ့ ဒေသခံတွေပါဝင်တဲ့ သယံဇာတစီမံခန့်ခွဲတဲ့စနစ်ဖြစ်စေနိုင်မယ့် အခြေအနေတစ်ခုဖန်တီးပေးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အခွန်ဘဏ္ဍာဝင်ငွေတွေ၊ ပွင့်လင်းမြင်သာတာတွေ ရှိဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်"ဟု သုတေသီ ကိုအေပရယ်ကြူကြူးက ပြောပြသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဆားလင်းကြီးမြို့နယ်ရှိ သတ္တုတွင်းသည် မြန်မာနိုင်ငံ၌ အကြီးဆုံးသတ္တုတွင်းအဖြစ် တည်ရှိနေပြီး ၁၉၆၇ ခုနှစ်နှင့် ၁၉၈၆ ခုနှစ် ကြားကာလများတွင် မြန်မာနိုင်ငံ ဘူမိဗေဒစူးစမ်းရှာဖွေဖော်ထုတ်ရေးဌာန အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ယူဂိုဆလပ်နိုင်ငံပိုင် ကြေးနီတူးဖော်ရေးကုမ္ပဏီတို့က ပူးပေါင်းစမ်းသပ်တူးဖော်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ယူဂိုဆလပ်ပိုင် RTB-Bor ကြေးနီအဖွဲ့အစည်းမှ မြန်မာအစိုးရ၏ အမှတ်(၁)သတ္တုတွင်း(ME1)အတွက် တစ်နေ့တန်ချိန် ၈၀၀၀ ကျော်၊ ကြေးပါဝင်သော သတ္တုများထုတ်ယူနိုင်ရန်အတွက် စက်ရုံတည်ဆောက်ပေးခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စပယ်တောင်တစ်ခုတည်းမှ ကြေးနီ ၁ ရာခိုင်နှုန်းပါဝင်သော သတ္တုတန်ချိန်ပေါင်း ၁၅ သန်း ထုတ်ယူခဲ့သည်။

စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းကို ၁၉၉၆ ခုနှစ်တွင် မြန်မာ့သတ္တုတွင်းဝန်ကြီးဌာန၊ ကနေဒါနိုင်ငံ အိုင်ဗင်ဟိုးသတ္တုတူးဖော်ရေးလီမိတက်၏ ကုမ္ပဏီခွဲ အိုင်ဗင်ဟိုး မြန်မာလီမိတက်တို့ဖြင့် ၅၀ ရာခိုင်နှုန်း အကျိုးတူဖက်စပ်လုပ်ကိုင်ခဲ့သည်။ မြန်မာအိုင်ဗင်ဟိုး ကြေးနီတူးဖော်ရေးကုမ္ပဏီလီမိတက်ကို ၁၉၉၈ ခုနှစ်တွင် အပြည့်အဝစတင်လည်ပတ်ခဲ့ရာ စပယ်တောင်၏တောင်ဘက် ကြေးစင်တောင်နှင့် လက်ပံတောင်းတောင်များတွင် အိုင်ဗင်ဟိုး မြန်မာဟိုးလ်ဒင်းလီမိတက်(MICCL)တို့ပူးပေါင်း၍ ကြေးနီထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး စီးပွားဖြစ်ထုတ်လုပ်သည့်၁၉၉၈-၁၉၉၉မှ ၂၀၁၁-၂၀၁၂အထိ ကြေးနီ ၂၂၀၇၄ ဒသမ ၁၁ မက်ထရစ်တန် ထုတ်လုပ်ခဲ့ရာ စပယ်တောင်သည် တောင်အဖြစ်မှ တွင်း၊ တွင်းအဖြစ်မှ ရေကန်ကြီး ဖြစ်သည်အထိ တူးဖော်ခဲ့ကြပြီး ယခုလက်ရှိမျက်နှာပြင်သည် ပင်လယ်ရေမျက်နှာပြင်ထက် နိမ့်ကျသော အဆင့်အထိဖြစ်ခဲ့ကြောင်း လေ့လာသူများ၏ ဆန်းစစ်လေ့လာချက်များအရ သိရသည်။

စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းအတွက် ကွင်း ၁၆ ကွင်းဖြစ်သည့် မြေဧရိယာ ၆၂၅၃ ဒသမ ၀၄ ဧကကို အသုံးပြုခဲ့ပြီး အဆိုပါမြေကေများတွင် ဒေသခံများပိုင်ဆိုင်သော ဦးပိုင်အမည်ပေါက် လယ်ယာမြေ ၃၈၀၀ ကျော်ပါဝင်ပြီး အခြားသောမြေများမှာလည်း ဒေသခံများလုပ်ကိုင်ခွင့်ရသည့် လယ်ယာမြေ အမျိုးအစားများ ပါဝင်ကြောင်းသိရသည်။

အဆိုပါမြေယာများပေါ်၌ ထွန်ယက်လုပ်ကိုင်စားသောက်ကြသော ကျောက်မျက်အုပ်စု၊ မိုးကြိုးပြင်အုပ်စု၊ ဒုံးနော်အုပ်စု၊ ရွှေပန်းခိုင်အုပ်စုနှင့် မြရိပ်အုပ်စု စသည့် ကျေးရွာများမှ ဒေသခံများအနေဖြင့် ၎င်းတို့စိုက်ပျိုးမြေများကို မည်သည့်တောင်းဆိုချက် ညှိနှိုင်းချက်မှမရဘဲ စွန့်လွှတ်ခဲ့ကြရကြောင်း၊ စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းကြောင့် ဒေသခံများ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လူမှုစီးပွားရေးနှင့် ကျန်းမာရေးထိခိုက်မှုများနှင့် ပတ်သက်၍ ထိခိုက်နစ်နာမှုများ ရှိနေသော်လည်း ယခုအချိန်အထိ ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှတ်တမ်းတင်ခြင်းမျိုး မရှိသေးကြောင်း လက်ပံတောင်းတောင် သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

**သတင်းဆောင်းပါး-မျိုးဝင်းထွန်း(မုံရွာ)**

## ဖန်းမော်မြို့၌ ကျူးကျော်ဆိုင်များနှင့် အဖီများ ဖယ်ရှားရှင်းလင်းရေး ကွင်းဆင်းဆောင်ရွက်

**ဖန်းမော် မေ ၂၂**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်အရ ကျူးကျော်ဆိုင်များနှင့် အဖီများအား ဖယ်ရှားရှင်းလင်းရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖန်းမော်မြို့နယ် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလုရွှေနှင့် အဖွဲ့ဝင်များသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက မြို့ပေါ်ရှိ သာစည်ရပ်ကွက်၊ မင်းကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ အလယ်ရပ်ကွက်နှင့် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးများသို့ ကွင်းဆင်းသွားရောက်ပြီး ကျူးကျော်ဈေးဆိုင်/အမိုးအကာများအား ၂၀၁၆ ခုနှစ် ဇွန် ၃ ရက်အတွင်း ဖယ်ရှားရှင်းလင်းပေးရန် အသိပေးအကြောင်းကြားခဲ့၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကချင်ပြည်နယ် စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## မုန်တိုင်းငယ် အားပျော့ပျက်ပြယ်

**နေပြည်တော် မေ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့၌ မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်ကြောင်း သိရသည်။

(မိုး/ဇလ)

## ပြည်တွင်းအလုပ်အကိုင်များအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာပြီးနောက် ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မြင့်မားလာလျက်ရှိရာ စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်း အနေဖြင့် ပြည်ပထက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများအတွက် သင်တန်းသားများကို အလေးထားခေါ်ယူလျက်ရှိကြောင်း စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာမျိုးသီတာက ပြောသည်။

"ကျွန်မတို့ကျောင်းအနေနဲ့ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း လုပ်ကိုင်လိုသူတွေအတွက် သင်တန်းတွေ ခေါ်ယူသင်ကြားပေးလျက် ရှိပါတယ်။ လိုအပ်တဲ့ ကျွမ်းကျင်လုပ်သားတွေ ဖြည့်ဆည်းပေးနိုင်ဖို့ အလေးထား သင်ကြားပေးလျက်ရှိပါတယ်။ စက်မှုစီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်"ဟု ဒေါက်တာမျိုးသီတာက ပြောသည်။



အဆိုပါ အလုပ်အကိုင်ကျွမ်းကျင်သူများ မွေးထုတ်ရေးသင်တန်းကျောင်းကို နှစ်နိုင်ငံအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၄ ခုနှစ်တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကာ စင်ကာပူအစိုးရက ကျောင်းတည်ဆောက် မွမ်းမံခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသက်မွေးသင်တန်းကျောင်း၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်သော ဘာသာရပ်ခြောက်ခုနှင့် အင်ဂျင်နီယာနှင့် ပတ်သက်သော ဘာသာရပ်လေးခု စုစုပေါင်း ၁၀ ခုကို သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး အခမဲ့ သင်ကြားပေးနေသော၊ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ မွေးထုတ်ပေးနေသော နိုင်ငံတကာအသိအမှတ်ပြု သင်တန်းကျောင်းဖြစ်သည်။

သို့ရာတွင် အဆိုပါ သက်မွေးသင်တန်းကျောင်း တက်ရောက်ရာတွင် တက္ကသိုလ်ဝင်တန်းအောင်ပြီး ကျောင်းသား ကျောင်းသူများ တက်ရောက်ခွင့်ရှိကာ ပြည်တွင်းအလုပ်လုပ်ကိုင်လိုသူများကိုသာ ဦးစားပေးသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ယင်းသင်တန်းကျောင်း၌ အပတ်စဉ်တစ်ခုတွင် သင်တန်းသား ၄၀၀ အထိ သင်ကြားပေးနိုင်ကြောင်းလည်း သိရသည်။ ပထမအကြိမ် တက်ရောက်ခွင့်ရသော ကျောင်းသား ကျောင်းသူ ၅၀ ရာခိုင်နှုန်းမှာ ပြည်တွင်းလုပ်ငန်းခွင်များ၌ ဝင်ရောက်လျက်ရှိရာ အမေရိကန်ဒေါ်လာ ၃၀၀ အထိ ဝင်ငွေရရှိနေပြီး အများစုမှာ ၁၀၀ မှ ၂၀၀ ကြား ရရှိကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်နှင့် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မြန်မာ့အလင်း)

# အာဆီယံ အပျော်တမ်းစက်ဘီးအားကစားသမားများ စုပေါင်းစက်ဘီးသရုပ်ပြစီးနင်း

**ရန်ကုန် မေ ၂၂**

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာကိုဖော်ပြ၍ အားကစားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပေးနိုင်ခြင်း၊ စုပေါင်းစက်ဘီးစီးသရုပ်ပြပွဲမှတစ်ဆင့် အာဆီယံနိုင်ငံများမှ စက်ဘီးအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေခြင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ စက်ဘီးအားကစားနည်းတွင် ပါဝင်လာစေရေး ထူးချွန်ထက်မြက်၍ နိုင်ငံဂုဏ်ဆောင်နိုင်သော စက်ဘီးအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပထမအကြိမ်အာဆီယံနိုင်ငံများ အပျော်တမ်း စက်ဘီးအားကစားသမားများ စုပေါင်းစက်ဘီး သရုပ်ပြစီးနင်းခြင်းကို ယနေ့ နံနက် ၆ နာရီခွဲက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှေ့၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**



ရှေးဦးစွာအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ 1 ASEAN Cycling Club ဥက္ကဋ္ဌ Mr. C THEVA က အပျော်တမ်းစက်ဘီးစီးရခြင်းအကြောင်း ပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အပျော်တမ်းစက်ဘီးသရုပ်ပြ စီးနင်းခြင်းအား သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးသည်။

အဆိုပါ သရုပ်ပြစက်ဘီးစီးပွဲသို့ ဗီယက်နမ်နိုင်ငံ (ဟိုချီမင်း)မှ အားကစားသမား ၂၇ ဦး၊ ဗီယက်နမ်နိုင်ငံ(ဟန္နွိုင်း)မှအားကစားသမား ၁၆ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခြောက်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုးဦး၊ လာအိုနိုင်ငံမှ သုံးဦး၊ ထိုင်းနိုင်ငံမှ သုံးဦး၊ မလေးရှားနိုင်ငံမှ ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ခြောက်ဦးနှင့် မြန်မာနိုင်ငံမှ အပျော်တမ်းစက်ဘီးစီးအားကစားသမား ၂၀၀ ကျော် ပါဝင်သရုပ်ပြစီးနင်းကြသည်။ သရုပ်ပြစက်ဘီးစီးနင်းရာတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှေ့မှ တာလွှတ်ပေးပြီး ဝေဇယန္တာလမ်းအတိုင်း စီးကာ ကျောက်ရေတွင်းမှ ပြန်လှည့်၍ လာလမ်းအတိုင်း ပြန်စီးကာ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှေ့၌ ပန်းဝင်ကြသည်။

အာဆီယံအပျော်တမ်းစက်ဘီးစီးသရုပ်ပြပွဲကို နှစ်စဉ်အလှည့်ကျကျင်းပလာရာ ပထမဦးဆုံး စတင်ကျင်းပသည့် ၂၀၁၂ ခုနှစ်၌ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ၊ ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

# လေပွေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်နှင့် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီး



**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မေ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် လေပွေပြင်းတိုက်ခတ်မှုကြောင့် တွံတေးမြို့နယ် ကင်းရွာနှင့် ခရမ်းဝရွာအကြားရှိ ၃၃ ကေဗွီ လှိုင်သာယာ-တွံတေး ဗီဒါနှင့် ၁၁ ကေဗွီ ရေကျော်နှစ်ထပ်ဓာတ်အားလိုင်း ကွန်ကရစ်တိုင် ၂၂ တိုင် အောက်ခြေမှကျိုးပြတ်ပြိုလဲပျက်စီးခဲ့သည်။**(အပေါ်ပုံ)**

လေပွေပြင်း တိုက်ခတ်မှုကြောင့် ခရမ်းဝရွာအတွင်း လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ နေအိမ်တစ်လုံး အမိုးလွင့်ပါပျက်စီးခြင်း၊ အခြားလူနေအိမ်တစ်လုံး နောက်ဘက် အဖီပြိုကျပျက်စီးခြင်းရှိခဲ့သည်။ ဓာတ်အားလိုင်းပြိုလဲမှုကို တွံတေးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တည်ဆောက်ရေးဌာနခွဲမှ အင်ဂျင်နီယာတစ်ဦး ဦးစီး၍ ဝန်ထမ်းများအင်အား ၆၀၊ ကရိန်းယာဉ် လေးစီးနှင့် အတူ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဓာတ်အားလိုင်း ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း အမြန်ပြီးစီးရေးအတွက် ယာဉ်၊ စက်ယန္တရားများ၊ ဝန်ထမ်းများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြိုလဲခဲ့သော ဓာတ်အားလိုင်းမှ တွံတေးမြို့ မြောက်ခြမ်းရှိ ကျေးရွာများသို့ ဓာတ်အားပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားပြီး ဓာတ်အားလိုင်းအား မေ ၂၃ ရက် ညနေပိုင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယား၊ ချင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကချင်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မွန်နှင့် ရခိုင်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**



# ဟားခါးမြို့ မြို့ကွက်သစ်၌ ထရန်စဖော်မာပေါ်သို့ သစ်ပင်လဲကျမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်

**ဟားခါး မေ ၂၂**

ဟားခါးမြို့ မြို့ကွက်သစ်၌ မေ ၂၂ ရက် နံနက် ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ထရန်စဖော်မာပေါ်သို့ သစ်ပင်လဲကျကာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အလားတူ ဟားခါး-ဂန့်ဂေါလမ်းအပိုင်း မိုင်တိုင်အမှတ်(၃/၇)နှင့် (၃/၆)အကြား၊ မိုင်တိုင် (၅/၂)၊ (၅/၅)နှင့် (၅/၆)၊ မိုင်တိုင်(၆/၂)နှင့် (၇/၇)တို့တွင်လည်း ကားလမ်းမပေါ်၌ မြေစာနှင့်ကျောက်တုံးများ ပြိုကျခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ လဲကျခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လျှပ်စစ်နှင့် လမ်းဦးစီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ပြုပြင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ပေါ်လီမာမွေ့ရာစက်ရုံ၌ မီးလောင်မှုဖြစ်

**မန္တလေး မေ ၂၂**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၄၉×၅၀)လမ်းကြား ရွှေလုံဘိုလမ်းနှင့် J လမ်းအကြား(စျ)ရပ်ကွက်ရှိ ပေါ်လီမာမွေ့ရာစက်ရုံ၌ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



မီးလောင်မှုဖြစ်ပွားသည့် အဆိုပါမွေ့ရာစက်ရုံသည် (စျ)ရပ်ကွက်မှ အကွက် ၅၊ ၆၊ ၁၆ နှင့် ၁၇ မြေကွက် လေးကွက်တွဲတွင်ရှိပြီး ပေ (၁၂၀×၈၀)ကျယ်ဝန်းသည့် သံထည်အဆောက်အအုံ သွပ်မိုးသွပ်ကာ အဆောက်အအုံဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် စက်ရုံတစ်ရုံ၏ အဆောက်အအုံတစ်ခု ဆုံးရှုံးခဲ့ပြီး မီးလောင်မှုအကြောင်းရင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

"မီးလောင်တဲ့ စက်ရုံမြေကွက်နဲ့ သံရည်ကျိုစက်ရုံက ကပ်လျက်ရှိတယ်။ ဝုန်းဆိုပြီး ပေါက်ကွဲသံကြားလိုက်ရတယ်" ဟု ရပ်ကွက်ဒေသခံတစ်ဦးက ပြောသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့နှင့် မီးသတ်ယာဉ်အစီး ၇၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္နေတပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့က ငြိမ်းသတ်ခဲ့ပြီး မီးကြွင်းမီးကျန်များကို ရေဂါလန် ၅၀၀၀ နှင့် မီးသတ်ဆေးဘူးများ အသုံးပြုငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟီရိုရှီးမား အလည်အပတ်ခရီးအကြောင်း အိုဘားမားပြောကြား

**တိုကျို မေ ၂၂**

ဂျပန်ကိုရောက်ရှိစဉ်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် အင်တာဗျူးတစ်ခု ဖြေဆိုခဲ့သည်။ အင်တာဗျူးတွင် စစ်၏ကြောက်မက်ဖွယ်ရာကောင်းပုံများနှင့် ကမ္ဘာကြီးကို နျူကလီးယားလက်နက် ကင်းမဲ့သောနေရာတစ်ခု ဖြစ်စေချင်ကြောင်း အိုဘားမားက အသားပေးဖော်ပြခဲ့သည်။

စနေနေ့က သမ္မတသည် ဝါရှင်တန်မှ ဗီယက်နမ်သို့ ထွက်ခွာခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် အီဆဲရှီးမားတွင် ဂျီ-၇ အစည်းအဝေး တက်ရောက်ရန် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ သောကြာနေ့တွင်လည်း ဟီရိုရှီးမားသို့ သွားရောက်မည်ဖြစ်သည်။ ယခုအချိန်သည် သင့်တော်သော အချိန်ဖြစ်သည့်အတွက် သွားရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတက ဖြေကြားခဲ့သည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေးကို ငြိမ်းချမ်းရေးအမှတ်တရ ဟီရိုရှီးမား အခမ်းအနားအပြီး ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အတိတ်ကဖြစ်ရပ်များကို အသက်သွင်းလို၍ မဟုတ်စေကာမူ စစ်အတွင်း သေဆုံးခဲ့ရသော အပြစ်မဲ့ ပြည်သူများဘက်က ရပ်တည်လိုကြောင်း၊ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးဆွေးနွေးမှုများကို တတ်နိုင်သလောက် မြှင့်တင်ပြုလုပ်သင့်ကြောင်း အိုဘားမားကထပ်လောင်း ပြောဆိုသည်။

**(အင်န်အိတ်ချ်ကေ)**



# ဗီယက်နမ်၌ ပါလီမန်ရွေးကောက်ပွဲကျင်းပ

**ဟန္ဓိုင်း မေ ၂၂**

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပေါင်း ၆၉ ဒသမ ၂၆၅ သန်းကျော် သည် နိုင်ငံ၏ပါလီမန်၌ ပါလီမန်အမတ်များကို ရွေးချယ်ပေးရန်နှင့်ပြည်သူ့ ကောင်စီအဖွဲ့ဝင်များ ရွေးချယ်ရန်မဲပေးမှုများ ပြုလုပ်လျက်ရှိသည်။

ယခုကျင်းပသည့် ရွေးကောက်ပွဲသည် (၁၄) ကြိမ်မြောက် အမျိုးသားညီလာခံ၌ ပါလီမန်အမတ်ရွေးချယ်ခြင်းနှင့် ၂၀၁၆ - ၂၀၂၁ သက်တမ်းကာလအတွက် ပြည်သူ့ကောင်စီအဖွဲ့ဝင် ရွေးချယ်ပွဲအတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး နံနက် ၇ နာရီမှ စတင်၍နိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း ၉၁၄၇၆ ခုဖွင့်လှစ်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်သူ ၈၇၀ အနက်မှ အမတ်နေရာ ၅၀၀ အတွက် ရွေးချယ်သွားမည်ဖြစ်ပြီး အမတ်နေရာအတွက် ပါဝင်ယှဉ်ပြိုင်သူများထဲမှ ၃၃၉ ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။ ၂၀၄ ဦးမှာ လူနည်းစုတိုင်းရင်းသားအုပ်စုများမှ ဖြစ်သည်ဟု အမျိုးသားရွေးကောက်ပွဲကောင်စီ၏ ဧပြီလနှောင်းပိုင်းကထုတ်ပြန်သော စာရင်းအချက်အလက်များအရ သိရသည်။

ရွေးကောက်ပွဲဝင် ၉၇ ဦးမှာဗီယက်နမ်ကွန်မြူနစ်ပါတီမှမဟုတ်ကြပေ။ ရွေးကောက်ပွဲကို တနင်္ဂနွေနေ့ည ၇ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပြီးရက် ၂၀ အတွင်း ကြေညာပေးမည်ဖြစ်သည်ဟု အမျိုးသားရွေးကောက်ပွဲကောင်စီက သောကြာနေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

**(ဆင်ဟွာ)**

# တောင်ကိုရီးယားနှင့် စစ်ရေးကိစ္စ ဆွေးနွေးရန် မြောက်ကိုရီးယားတောင်းဆို

**ပြုံယမ်း မေ ၂၂**

သီတင်းပတ်အနည်းငယ်အတွင်း တောင်ကိုရီးယားနှင့် စစ်ရေးဆွေးနွေးမှုများ ပြုလုပ်လိုကြောင်း မြောက်ကိုရီးယားဘက်မှ တောင်းဆိုခဲ့သည်။

အစောပိုင်းရက်များက တောင်ကိုရီးယား ကာကွယ်ရေးအာဏာပိုင်များထံသို့ အဆိုပါအကြောင်းကြားစာ တစ်စောင်ကို မြောက်ကိုရီးယားပြည်သူ့ တပ်မတော်ကာကွယ်ရေးဝန်ကြီးဌာနဘက်မှ ပေးပို့ခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်ရုပ်သံက စနေနေ့တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးဌာနမှ ဆွေးနွေးမှုကို မေလနှောင်းပိုင်း သို့မဟုတ် ဇွန်လအစောပိုင်းတွင် ပြုလုပ်လိုကြောင်း တောင်းဆိုခဲ့သည်ဟု ဆိုသည်။

အကြောင်းကြားစာတွင် ဒုတိယအကြိမ် ကိုရီးယားစစ်ပွဲမဖြစ်ပေါ်စေရေးနှင့် ကိုရီးယားကျွန်းဆွယ်တွင် စစ်ရေးတင်းမာမှုများကို ဖြေလျှော့ရန် အရေးတကြီးအဆိုများ ပါဝင်ကြောင်း သိရသည်။

ယခုလအစောပိုင်းက ကျင်းပသော မြောက်ကိုရီးယား အလုပ်သမားပါတီကွန်ဂရက်အစည်းအဝေးတွင် အဆိုပါ ကိစ္စကို အကြံပြုခဲ့ခြင်းဖြစ်သည်။ ဆိုးလ်ဘက်မှ ယခုအချိန်ထိအောင် အဆိုကို လက်ခံလိုစိတ်မရှိကြောင်း လေ့လာ သူများက ပြောဆိုကြသည်။ ပြုံယမ်းအနေဖြင့် နျူကလီးယား လျှော့ချရေး သဘောတူညီချက်ကို လိုက်နာကြောင်း ဦးစွာပြသင့်ကြောင်း ဆိုးလ်ဘက်မှ ၎င်း၏ ရပ်တည်ချက်ကို ပြောင်းလဲမှာမဟုတ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၅၄၀ ကို သီရိလင်္ကာလွှတ်ပေး

**ကိုလံဘို မေ ၂၂**

ဗုဒ္ဓဖွားမြင်တော်မူသည့်နေ့အထိမ်းအမှတ်အဖြစ် သမ္မတ၏အထူးလွတ်ငြိမ်းချမ်းသာခွင့်ပြုချက်အရ မေ ၂၁ ရက်က သီရိလင်္ကာတွင် အသက် ၇၀ ကျော် အရွယ်များအပါအဝင် အကျဉ်းသား ၅၄၀ ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

သမ္မတ မိုင်သရီပါလာစီရိဆနာသည် လွတ်ငြိမ်းချမ်းသာခွင့်အတွက် ထောက်ခံချက်ကို တရားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း ဝန်ကြီးဝိဂျေယာဒါဆာရာဂျာပက်ရှာက ပြောသည်။

သမ္မတ၏ အထူးလွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ်အတွက် လွတ်ငြိမ်းခွင့်ရမည့်သူများသည် မေ ၂၁ ရက်တွင် အသက် ၇၀ ပြည့် အရွယ်ဖြစ်ရမည်ဖြစ်ကြောင်း တရားရေးဝန်ကြီးက ကြေညာခဲ့သည်။

အကျဉ်းကျနေသူအများစုသည် ဒဏ်ကြေးပေးရန်အတွက် မတတ်နိုင်သူများဖြစ်ကြောင်း သိရသည်။

**(ပီတီအိုင်)**



# အမေရိကန် ဗိုလ်ချုပ်တစ်ဦး ဆီးရီးယားသို့ တိတ်တဆိတ်သွားရောက်

**ဒမတ်စကတ် မေ ၂၂**

အမေရိကန်ဗိုလ်ချုပ် ဂျိုးဇက်ဘိုတယ်သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းသို့ ၁၁ နာရီကြာ သွားရောက်ခဲ့သည်။ ၎င်းသည် အမေရိကန်စစ်ရေးအကြံပေးများ၊ ကာ့ဒ်နှင့် အာရပ်သူပုန်အဖွဲ့တို့ ပေါင်းစပ်ထားသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း နယ်မြေအတော်များများကို သိမ်းပိုက်ထားသော အိုင်အက်စ်တပ်ဖွဲ့ဝင်များကို ချေမှုန်းနိုင်ရန် ဒေသခံဆီးရီးယား တပ်ဖွဲ့ဝင်များကို အမေရိကန်တို့က လိုလားသည်။

ဆီးရီးယားခရီးစဉ်ပြီးနောက် ဗိုလ်ချုပ်ဘိုတယ်က အိုင်အက်စ်တို့ကို ချေမှုန်းရန် ဆီးရီးယားဒေသခံတပ်များအား လေ့ကျင့်ပေးခြင်းသည် မှန်ကန်သော လုပ်ဆောင်ချက် ဖြစ်သည်ဟု ပြောခဲ့သည်။

ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)၌ ကာ့ဒ်တိုက်ခိုက်ရေးသမား ၂၅၀၀၀၊ အာရပ်တိုက်ခိုက်ရေးသမား ၅၀၀၀ ပါဝင်သည်။ အဆိုပါ တပ်ဖွဲ့အတွင်း အာရပ်တပ်ဖွဲ့ဝင် အင်အားတိုးတက်လာနိုင်သည်ဟု အမေရိကန်တို့က မျှော်လင့်ထားသည်။

အာရပ်တိုက်ခိုက်ရေးသမားများက ဗိုလ်ချုပ် ဘိုတယ်၏ ခရီးစဉ်အတွင်း ၎င်းတို့အနေဖြင့် အကူအညီများ ပိုမိုလိုအပ်ကြောင်း မီဒီယာများကို ပြောသည်။ အက်စ်ဒီအက်ဖ်မှ ဒုတိယတပ်မှူး Qarhaman Hasan က မော်တာ သေနတ်များ၊ ဒုံးကျည်များ၊ လောင်ချာများ၊ စက်သေနတ်များ၊ သံချပ်ကာယာဉ်များ လိုအပ်သည်ဟု ပြောခဲ့သည်။ အက်စ်ဒီအက်ဖ်အဖွဲ့သည် လတ်တလော၌ လက်နက်ပစ္စည်းများရရှိရေး မှောင်ခိုဈေးကွက်ကို အားထားနေရသည်။

**(ဘီဘီစီ)**



အမေရိကန်တပ်ဖွဲ့ဝင်များက အက်စ်ဒီအက်ဖ်တပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်ပေးနေစဉ်

# အချင်းချင်းစကားများပြီး လူအုပ်အတွင်း သေနတ်ဖြင့် ဝင်ရောက်တိုက်ခိုက်

**ဗီယင်နာ မေ ၂၂**

သြစတြီးယား အနောက်ပိုင်းရှိ နန်ဇိုင်းမြို့တွင် ပြုလုပ်သည့် ဂီတပွဲ၌ သေနတ်သမားတစ်ဦး၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူနှစ်ဦး သေဆုံးခဲ့သည်ဟု ရဲဌာနမှသိရသည်။ သေနတ်သမားသည် ပစ်ခတ်မှုပြုလုပ်ပြီးနောက် မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်ဟု ရဲများက ပြောသည်။

အခြားလူ ၁၁ ဦး ဒဏ်ရာရရှိခဲ့ပြီး သေနတ်သမားသည် ဦးတည်ရာမရှိ တွေ့ရာလူများကို ပတ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သေနတ်သမားသည် အစောပိုင်းက အမျိုးသမီးတစ်ဦးနှင့် ကားပါကင်တွင် စကားများနေခဲ့သည်။ ထို့နောက် သေနတ်စွဲကိုင်ကာ ဂီတပွဲရှိ လူ ၁၅၀ အတွင်းသို့ တိုးဝင်ခဲ့ပြီး ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခြားဒဏ်ရာရရှိသူများမှာလည်း စိုးရိမ်ရကြောင်း သိရသည်။

**(ဘီဘီစီ)**

# ၂၀၀၈ ခုနှစ်နောက်ပိုင်း ရုရှား၏ ပြောင်းလဲလာသောစစ်ရေးအခြေအနေ

**စုရည်**



**စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော စစ်ရေးပြောင်းလဲမှု တစ်ရပ်က မော်စကိုကနေ ဆိုဗီယက်အဖွဲ့အစည်းတစ်ခုလုံးကို လှုပ်ကိုင်နိုင်စွမ်းရှိခဲ့ပြီး ရုရှားအတွက် တောင့်တင်းခိုင်မာသော အမြဲတမ်းတပ်ဖွဲ့တစ်ခုကို ဖန်တီးပေးနိုင်ခဲ့သည်ဟု ကော့ဖ်မန်းကပြော**

၂၀၀၈ ခုနှစ်တွင် စစ်ရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို မော်စကိုကပြုလုပ်ပြီးကတည်းက ရုရှား၏ စစ်ရေးပြောင်းလဲချဲ့ထွင်မှု အနေအထားကို ဆီးရီးယားစစ်ပွဲတွင် တွေ့မြင်နိုင်သည်။ ဆီးရီးယားစစ်ဆင်ရေးအတွင်း ရုရှား၏လုပ်ဆောင်ချက်များသည် အနောက်နိုင်ငံများကို အံ့အားသင့်စေခဲ့သည်။

၂၀၀၈ မှ ၂၀၁၄ ခုနှစ်အတွင်း မတူညီသောစစ်ရေး တိုက်ခိုက်မှုနှစ်မျိုးကွဲပြားလျက်ရှိသည်ဟု ကန်နန်းတက္ကသိုလ် ဝီလဆင်စင်တာ၌ ရုရှားစစ်ဘက်ဆိုင်ရာအထူးပြုလေ့လာသူတစ်ဦးဖြစ်သူ မိုက်ကယ်ကော့ဖ်မန်းက ပြောခဲ့သည်။

စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သောစစ်ရေးပြောင်းလဲမှုတစ်ရပ်က မော်စကိုကနေ ဆိုဗီယက်အဖွဲ့အစည်းတစ်ခုလုံးကိုလှုပ်ကိုင်နိုင်စွမ်းရှိခဲ့ပြီး ရုရှားအတွက် တောင့်တင်းခိုင်မာသောအမြဲတမ်းတပ်ဖွဲ့တစ်ခုကို ဖန်တီးပေးနိုင်ခဲ့သည်ဟု ကော့ဖ်မန်းကပြောသည်။ ခရိုင်းမီးယားနှင့် ဆီးရီးယားဒေသတွင် ရုရှား၏စစ်ရေးအောင်မြင်မှုများသည် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

၁၀ ရက်ကြာဖြစ်ပွားခဲ့သော ရုရှား- ဂျော်ဂျီယာစစ်ပွဲအတွင်း ရုရှားတပ်များ၏ လိုအပ်ချက်များကို တွေ့ရှိခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်မှစ၍ ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့သည်။ ရုရှားတပ်များမှာတိုက်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သလို မမျှော်လင့်သောဆုံးရှုံးမှု များစွာကိုလည်း ခံစားခဲ့ရသည်။

ပဋိပက္ခအသေးလေးမှအစပြု၍ ရုရှားတပ်များ၏အားနည်းချက်များကို သတိထားမိလာစေခဲ့သည်။ ဥပမာအားဖြင့် သေးငယ်သော ပြည်နယ်တစ်ခုက ခုခံတိုက်ခိုက်မှုကိုတွန်းလှန်ရန် အဆင်သင့်မဖြစ်ခြင်းနှင့် ရုရှားစစ်ရေးစီမံခန့်ခွဲမှု စနစ်မကျခြင်းတို့သည် ရုရှား၏ အားနည်းချက်များဖြစ်ခဲ့ကြောင်း အငြိမ်းစားကာနယ်တစ်ဦးဖြစ်ပြီး TASS သတင်းဌာနတွင် စစ်ဘက်ဆိုင်ရာလေ့လာသူအဖြစ် တာဝန်ထမ်းဆောင်နေသူ ဗစ်တောလီတို့ဗ်ကင်က ပြောခဲ့သည်။

ဂျော်ဂျီယာစစ်ပွဲပြီးနောက်တွင် ပြင်းထန်သောလေ့ကျင့်မှုများ၊ ရှောင်တခင်စစ်ဆေးမှုများနှင့် ပူးပေါင်းလှုပ်ရှားမှုများကိုလုပ်ဆောင်ခဲ့ရာ ရုရှားတပ်ဖွဲ့သည် အဆင်သင့်ဖြစ်နေမှု၊ ညီညွတ်မှု၊ အချိန်နှင့်တစ်ပြေးညီလှုပ်ရှားနိုင်မှုတို့တွင် တိုးတက်လာခဲ့သည့်အတွက် လေ့လာသူများကပင် တွေ့ဆုံမေးမြန်းခဲ့ရသည်။ ထို့ကြောင့် ရုရှားတပ်ဖွဲ့သစ်များအနေဖြင့် တခဏအတွင်းမှာပင် စစ်ဆင်ရေးတစ်ခုကိုစတင်ရန် အဆင်သင့်ဖြစ်နေကြောင်းကို ကော့ဖ်မန်းက ပြောခဲ့သည်။

အသစ်ဖွဲ့စည်းထားသည့် စစ်အုပ်ချုပ်ပုံစနစ်၌ တပ်မှူးလေးဦးတွင် တစ်ဦးမှာ ၎င်းတို့၏ ပိုင်နက်နယ်မြေအတွင်းရှိ ကြည်းတပ်၊ ရေတပ်၊ လေတပ်တပ်များကို စီမံကွပ်ကဲပိုင်ခွင့်ရှိသည်။ ဤသို့ လုပ်ဆောင်လိုက်ခြင်းအားဖြင့် ဂျော်ဂျီယာစစ်ပွဲကာလအတွင်း ရုရှား၏အားနည်းချက်များကို ပြန်လည်ကုစားနိုင်ခဲ့သည်။

ဂျော်ဂျီယာကဲ့သို့ အဖြစ်အပျက်ကြောင့် ရုရှားသည်၎င်းပိုင် နယ်နိမိတ်တစ်လျှောက်တပ်များဖြန့်ထားဆောင်ရွက်ခဲ့ကြောင်း ကော့ဖ်မန်းက ပြောခဲ့ပြီး နိုင်ငံ၏ အနောက်ဘက်ပိုင်းအပါအဝင် အခြားစစ်ရေးအရ အရေးပါသော ခရိုင်များတွင်ပါ ပိုမိုကြီးမားသောတပ်ဖွဲ့ခွဲများချထားနိုင်ခဲ့သည်။

ရုရှားစစ်ရေးအောင်မြင်မှုများသည် ရုရှားနိုင်ငံရေးခေါင်းဆောင်များကို ကျေနပ်အားရစေခဲ့သည်။ သို့သော် ယင်းအောင်မြင်မှုများသည် အချို့သောသူများအတွက် စိုးရိမ်ပူပန်မှုများဖြစ်စေခဲ့သည်။ ရုရှားတပ်ဖွဲ့၏ စွမ်းဆောင်နိုင်မှုမြင့်မားလေလေ အခြားနိုင်ငံများအပေါ်တွင် ထားရှိသော မော်စကို၏နိုင်ငံရေးဖိအားများလေလေဖြစ်လာလိမ့်မည်ဟု ဝေဖန်သုံးသပ်သူများက ပြောကြသည်။

ရုရှားတပ်များ၏ စွမ်းဆောင်မှုပိုမိုမြင့်တက်လာလေလေ ယုံကြည်မှုပိုမိုရရှိလာကာ အချိန်မရွေး အန္တရာယ်ရှိလာနိုင်လေဖြစ်သည်ဟု အောက်စဖို့ဒ်အခြေစိုက် ပဋိပက္ခလေ့လာရေး သုတေသနဌာနမှ ဒါရိုက်တာကီရာဂီလီးစ်က Chatham House အစီရင်ခံစာတွင် ရေးသားခဲ့သည်။

သို့သော်လည်း နိုင်ငံတကာနှင့် နိုင်ငံရေးချိတ်ဆက်မှု၊ လုံခြုံရေးစသည်တို့ကိုလုပ်ဆောင်ရန် နိုင်ငံတစ်နိုင်ငံ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တပ်မတော်အနေဖြင့် ခေတ်မီတိုးတက်ရန် လိုအပ်သည်ဟု အများစုက တွေးမြင်ခဲ့ကြသည်။ အင်အားတောင့်တင်းသောစစ်ဘက်၏ထောက်ခံမှုကိုရရှိထားခြင်းကြောင့် သံတမန်ရေးရာသည် အကျိုးကျေးဇူးများလာနိုင်သော်လည်း ရုရှားက လိုလိုလားလားအသုံးချမှာမဟုတ်ကြောင်း လီတို့ဗ်ကင်က ပြောခဲ့သည်။

စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသောတပ်မတော်သည် ရုရှားကို ၎င်း၏ဒေသတွင်း အကျိုးစီးပွားကိုကာကွယ်ရန်နှင့် နိုင်ငံ၏လုံခြုံရေးအတွက်မရှိမဖြစ် အရေးပါစေသည်။ ဆီးရီးယားတွင် ရုရှား၏လေကြောင်းတိုက်ခိုက်သည့် အပြုအမူများသည် ပင်လယ်ကွေ့ဒေသရှိ အစွန်းရောက်များနှင့် အကြမ်းဖက်အုပ်စုများကို ထိန်းချုပ်ရင်း အပစ်ရပ်စဲရေးသဘောတူညီချက်ကို ကျယ်ကျယ်ပြန့်ပြန့်တောင်းဆိုလာမှုအပေါ် သံတမန်နည်းအရ ဖြေရှင်းရာတွင်လည်း အကူအညီဖြစ်ခဲ့သည်။

**ကိုးကား- ယူပီအိုင်**

## အမေရိကန်စစ်သင်္ဘောခုနစ်စင်း ဖိလစ်ပိုင်သို့ အလည်အပတ်ရောက်ရှိ

**မနီလာ မေ ၂၂**

အမေရိကန်ရေတပ်စခန်းမှ စစ်သင်္ဘောခုနစ်စင်း ဖိလစ်ပိုင်သို့ အလည်အပတ်ခရီးအဖြစ်ရောက်ရှိခဲ့ကြောင်း စနေနေ့တွင် ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ယင်းစစ်သင်္ဘောများမှာ ယူအက်စ်အက်စ်ဂျွန်စီစတန်းနစ် (CVN 74)၊ ကယ်ရီယာအဲဝင်း (CVW)9၊ ဖျက်သင်္ဘော (DESRON)21၊ ဒုံးလက်နက်ဖျက် သင်္ဘောယူအက်စ်အက်စ် စတော့ဒေး (DDG 106)၊ ယူအက်စ်အက်စ်ချန်ဖွန်း (DDG 93)၊ ယူအက်စ်အက်စ်ဝီလျံ ပီလောရန့်စ် (DDG 110) နှင့် ဒုံးကျည်တပ်စစ်သင်္ဘောယူအက်စ်အက်စ်မိုဘိုင်းပင်လယ်အော် (CG 53) တို့ဖြစ်သည်။

ယူအက်စ်အက်စ်ဂျွန်စီစတန်းနစ်စစ်သင်္ဘောအုပ်စုတွင် သင်္ဘောသား ၈၅၀၀ လိုက်ပါလာပြီး သောကြာနေ့က ဇန်ဘေးရှိ ဆူဘစ်ပင်လယ်အော်သို့ ရောက်ရှိခဲ့ကြောင်း ဒေးလီးထရီဗျူးသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ စစ်သင်္ဘောများဖိလစ်ပိုင်သို့ ရောက်ရှိခြင်းမှာ ပထမအကြိမ်မဟုတ်ဘဲ ပြီးခဲ့သော ဧပြီလက အမေရိကန်-ဖိလစ်ပိုင်စစ်ရေးပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် ရောက်ရှိခဲ့မှုရှိကြောင်းလည်း သိရသည်။

အာရှရေးရာမူဝါဒများရေးဆွဲရေးအတွက် အမေရိကန်သည် တောင်တရုတ်ပင်လယ်အတွင်း ၎င်း၏ ၆၀ ရာခိုင်နှုန်းသော ရေတပ်အင်အားအချို့ကို အခိုင်အမာတပ်ဖြန့်ချထားပြီးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဩစတြေးလျတောင်တက်သမား ဧဝရက်တောင်မှအဆင်း သေဆုံး

**ဆစ်ဒနီ မေ ၂၂**

အသက် ၃၄ နှစ်အရွယ်ရှိ ဩစတြေးလျအမျိုးသမီးတစ်ဦးသည် ဧဝရက်တောင်မှအဆင်းတွင် သေဆုံးခဲ့ကြောင်း ဩစတြေးလျရုပ်သံ အေဘီစီက ထုတ်လွှင့်ခဲ့ပြီး ယခုဖြစ်ရပ်မှာ ကမ္ဘာ့အမြင့်ဆုံးတောင်ကိုအကြောင်းပြု၍ သေဆုံးမှုဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

သေဆုံးသူအမျိုးသမီးမှာ မဲလ်ဘုန်းတက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်သူ မာရီယာစထရီဒန်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ဧဝရက်တောင်တွင် သေဆုံးမှုနှစ်ကြိမ်ဖြစ်ခဲ့ပြီး ပြီးခဲ့သောနှစ်က နီပေါတောင်ကြောတစ်လျှောက် ပြင်းထန်သော ငလျင်ကြောင့် လူပေါင်း ၁၈ ဦးထက်မနည်းသေဆုံးခဲ့သည်။



သောကြာနေ့က ဒတ်ချ်လူမျိုးတောင်တက်သမား အိုင်းရစ်အာရီအာနိုးသည် ၈၈၅၀ မီတာအမြင့်ရှိ ဧဝရက်တောင်ထိပ်သို့ ရောက်ရှိပြီးနောက် သေဆုံးခဲ့သည်။ စထရီဒန်သည် အာနိုးတို့၏ ခြေလျင်တောင်တက်အုပ်စုဝင်တစ်ဦးဖြစ်ကြောင်း အေဘီစီရုပ်သံက ဖော်ပြခဲ့သည်။

မနှစ်က ဖြစ်ပွားခဲ့သော ငလျင်ကြောင့် တောင်တက်သမားများသည် ၎င်းတို့၏ တောင်တက်လိုစိတ်ကို စွန့်လွှတ်ခဲ့ရသည်။ လူပေါင်း ၉၀၀၀ သေစေခဲ့သော ငလျင်သည် နီပေါသမိုင်းတစ်လျှောက် အဆိုးရွားဆုံးဖြစ်ခဲ့သည်။

ယခုလအတွင်း ဧဝရက်တောင်ထိပ်သို့ရောက်ရှိခဲ့သူ တောင်တက်သမားပေါင်း ၃၃၀ ကျော်ရှိသည်။ ၎င်းတို့အထဲတွင် စနေနေ့က တောင်ထိပ်သို့ရောက်ရှိခဲ့သူ ၁၉ နှစ်အရွယ်အလိုက် ဆာအေဇာသည် အသက်အငယ်ဆုံး ဩစတြေးလျလူမျိုးဖြစ်သည်။

**(ရိုက်တာ)**

# ဖလမ်းမြို့ သဘာဝဘေးသင့်ပြည်သူများအားထောက်ပံ့

**ဖလမ်း မေ ၂၂**

ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ဖလမ်းမြို့အရှေ့ခြမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် မေ ၂၁ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသော ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ခြံစည်းရိုး မြေထိန်းနံရံပြိုကျ၍ ကျန်းမာရေးအိမ်ရာ ပျက်စီးမှုနှင့် ဇလိုင်ရပ်ကွက် ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာ မြေထိန်းနံရံပြိုကျမှုတို့ကို မေ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၂၄ မိနစ်တွင် လိုက်လံကြည့်ရှုကြပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက သဘာဝဘေးသင့်ပြည်သူများအား ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူတို့ကို မှာကြားသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြကြောင်းနှင့် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ မြေထိန်းနံရံ ကျန်းမာရေးဝန်ထမ်းအိမ်ရာသို့ ပြိုကျသည့် ကျောက်တုံးကြီးများကို နယ်မြေခံ တပ်ရင်း တပ်သားများက ဖယ်ရှားရှင်းလင်းပေးကြကြောင်းသတင်း ရရှိသည်။

**(ခရိုင် ပြန်/ဆက်)**





# ဟားခါးမြို့၌ အန္တရာယ်ရှိနေအိမ်မှ မိသားစုဝင်များ ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေး

**ဟားခါး မေ ၂၂**

မိုးများအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ဆည်မြောင်းရုံးရှေ့၌ မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ အနီးရှိ ဦးချန်လေ့ထန်း၏နေအိမ်မှာ အန္တရာယ်ရှိသဖြင့် တာဝန်ရှိသူများက မေ ၂၂ ရက် နံနက် ၁၀ နာရီ၌ ယင်းမိသားစုဝင်များအား ပြောင်းရွှေ့ပေးခဲ့ကြသည်။

ထိုသို့ပြောင်းရွှေ့ရာ၌ ပြည်နယ်အစိုးရအဖွဲ့မှ ခေတ္တအတွင်းရေးမှူး၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အိမ်ရှင်ဦးချန်လေ့ထန်း၏ မိသားစုဝင်ခုနစ်ဦး၊ အိမ်ငှားဦးရှန်မန်း၏ မိသားစုဝင်ခြောက်ဦးတို့အား ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**

# ရွှေဘိုဘူတာအနီး ရထားကြိတ် လူတစ်ဦးသေ

**ရွှေဘို မေ ၂၂**

ယနေ့နံနက် ၆ နာရီခန့်က တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ မီးရထားသံလမ်းပေါ်တွင် လူတစ်ဦးရထားကြိတ်ခံရပြီး သေဆုံးနေကြောင်းသိရှိရသဖြင့် ရွှေဘိုပြည်သူ့ရဲတပ်ဖွဲ့မှ တာဝန်မှူးရဲအုပ်ကီးယားနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါရထားကြိတ်ခံရသူမှာ အမျိုးသား (၄၅ နှစ်)ခန့်ဖြစ်ပြီး ယာဘက်ပခုံးနှင့်လက်မောင်းတွင် တက်တူးထိုးထားပြီး ရွှေဘိုဘူတာ၏တောင်ဖက် တစ်မိုင်ခန့်အကွာ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးကျောင်းအနီး အမှတ် (၁၀) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်တို့ကြား ကြေးနန်းတိုင် အမှတ် (၄၄၂/ ၂၂) နှင့် (၄၄၂/ ၂၁) ကြား သံလမ်းပေါ်တွင် ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်းတွေ့ရသည်။ ၎င်းသေဆုံးသူပွတ်တိုက်ပါသွားရာ သံလမ်းတစ်လျှောက်မှ ၎င်း၏ပစ္စည်းများဟု ယူဆရသည့် ဖိနပ်တစ်ဖက်၊ ပုဆိုး တစ်ထည်၊ အင်္ကျီတစ်ထည်၊ ရွှေဘိုဒေါ်မဆေးလိပ် လေးလိပ်နှင့် ငွေစက္ကူ ၃၅၉၀၀ တို့ကို တွေ့ရှိခဲ့သည်။

ရထားကြိတ်ခံရမှုကို ရဲအုပ်ကီးယားနှင့်အဖွဲ့က သေမှုသေခင်းအရ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇော**

# လုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များသတိထားမောင်းနှင်ကြရန် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

**နေပြည်တော် မေ ၂၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BASHNEFT INTERNATIONAL B.V CO. သည် ဧရာဝတီမြစ်အားဖြတ်သန်း၍ ရွှေတောင်မြို့နယ် (LAT-18˚ 41' 17.73 " N,LONG 95˚ 08'02.72"E) နှင့် ပန်းတောင်မြို့နယ် (LAT-18˚ 42' 19.37"N,LONG 95 07' 31.88"E) တို့အား ဆိုက်စမစ်လုပ်ငန်းသုံး CABLE (1/2"DIA.) ခန့်ဖြင့် ဆက်သွယ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်မည့် အချိန်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်ရက်များမှာ မေ ၂၅ ရက်မှ ၂၈ ရက်အတွင်း ဖြစ်သည်။

သို့ဖြစ်၍ လုပ်ငန်းဆောင်ရွက်မည့်နေ့များနှင့် လုပ်ငန်းဆောင်ရွက်နေချိန်များအတွင်း ရေယာဉ်များလုပ်ငန်းခွင်ဧရိယာအတွင်းမရောက်မီ အရှိန်လျှော့၍ သတိထားမောင်းနှင်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သုဝဏ္ဏ၌ လာရောက်စွန့်ပစ်ထားသည့် အမျိုးသားအလောင်း ပြစ်မှုကျူးလွန်သူအား အချိန်တိုအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ၌ လာရောက်စွန့်ပစ်ခဲ့သည့် အမျိုးသားအလောင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူအား အချိန်တိုအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် သုဝဏ္ဏ (၂၅) ရပ်ကွက်၊ သံသုမာလမ်းနှင့် ပျဉ်းမမြိုင်လမ်းထောင့်ရှိကွမ်းယာဆိုင်ဘေးတွင် မသင်္ကာဖွယ် အထုပ် တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အနက်ရောင် စောင်ဖြင့်ပတ်လျက် ကြိုးဖြင့်ချည်နှောင်ထားသည့် အထုပ်တစ်ထုပ်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ကြောင်း၊ ၎င်းအထုပ်အတွင်း၌ အသက်(၄၀)ခန့်



ပြစ်မှုကျူးလွန်သူ အောင်သန်း(ခ) ဖာဇူရာဟာမန်နှင့် သက်သေခံပစ္စည်းများ

အမျိုးသားတစ်ဦးမှာ ဝဲပါးပြင်ရှဒဏ်ရာ၊ လည်ပင်းယာဘက်ထိုးသွင်းဒဏ်ရာများ၊ ယာလက်ပြင်ပြတ်ရှဒဏ်ရာနှင့် ဝဲ/ယာ မျက်လုံး၊ နဖူးညိုမည်းဖူးရောင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိသဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ သေဆုံးသူ အမျိုးသားနှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်နေ ဦးဇော်ဇော်(ခ) အဒူရှုကူးဖြစ်ကြောင်းနှင့် ၎င်းသည် အောင်သန်း(ခ)ဖာဇူရာဟာမန် ဆိုသူနှင့် တစ်အိမ်တည်း အတူနေထိုင်ကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် အောင်သန်း(ခ)ဖာဇူရာဟာမန်အား ခေါ်ယူမေးမြန်းစဉ် ၎င်း၏ယာဘက်လက်ခုံနှင့် ဝဲဘက်ဒူးခေါင်းတို့တွင် ဒဏ်ရာများတွေ့ရှိခြင်း၊ နေအိမ်အားစစ်ဆေးရာ နံရံတွင် သွေးစက်များ တွေ့ရှိခြင်းစသည့် မသင်္ကာဖွယ် အထောက်အထားများ တွေ့ရှိရသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၈ ရက် ည ၇ နာရီခန့်တွင် အောင်သန်း(ခ) ဖာဇူရာဟာမန်နှင့် သေဆုံးသူ ဦးဇော်ဇော်(ခ)အဒူရှုကူးတို့ နေအိမ်၌ ထမင်းစားနေစဉ် စကားများပြီး ခိုက်ရန်ဖြစ်ပွားကာ အောင်သန်း(ခ)ဖာဇူရာဟာမန်က ကတ်ကြေး၊ ဓားတို့ဖြင့် ထိုး၊ ခုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ၏ အလောင်းအားထုပ်ပိုးကာ မေ ၁၉ ရက် နံနက် ၂ နာရီခန့်တွင် အငှားယာဉ်တစ်စီးဖြင့် သွားရောက် စွန့်ပစ်ထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ အောင်သန်း(ခ)ဖာဇူရာဟာမန် (၂၀နှစ်) အား ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ကားမှောက်

**နေပြည်တော် မေ ၂၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၂၄၈/ ၆)နှင့် (၂၄၈/ ၇)ကြားတွင် ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်ဝင်းမောင်းနှင်လာသည့် HIGH JET အမျိုးအစား 5J/------- ဖြစ်ပြီး ယာဉ်မောင်းအပါအဝင် အမျိုးသမီးတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မော်လမြိုင်-ရေး ခရီးသည်တင်ယာဉ် တိမ်းမှောက်၊ ရှစ်ဦး ဒဏ်ရာရ

**သံဖြူဇရပ် မေ ၂၂**



မော်လမြိုင်မှ ရေးမြို့သို့ ထွက်ခွာလာသော ယာဉ်မောင်း မင်းမင်း(၃၄နှစ်) မောင်းနှင်သည့် ရွှေဝါဖူးခရီးသည်တင် မှန်လုံယာဉ်အမှတ် 9B/----သည် မေ ၂၁ ရက် ညနေ ၃ နာရီက သံဖြူဇရပ် မြို့အပြင် ဝဲသွန်ချောင်ကျေးရွာအလွန် မိုင်တိုင် အမှတ် (၄၇/၂) အရောက်တွင် ယာဉ် ကိုအရှိန်မထိန်းနိုင်ဘဲ လမ်းမ အလယ်၌ ကန့်လန့်ဖြတ် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်ပေါ်တွင် ခရီးသည် ၁၈ ဦးခန့်ပါရှိပြီး ယာဉ်တိမ်းမှောက်မှု ကြောင့် ကိုရင်တစ်ပါးနှင့် ယာဉ်မောင်း မင်းမင်းအပါအဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး ဒဏ်ရာများရရှိပြီး သံဖြူ ဇရပ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မော်လမြိုင် ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း မင်းမင်း(၃၄နှစ်)အား သံဖြူဇရပ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# တရားမဝင်သစ်ခွဲသားများ ဆိပ်ဖြူမြို့နယ်တွင် ဖမ်းဆီးရမိ

**ဆိပ်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကဇွန်းမရဲစခန်းအပိုင် ဆိပ်ဖြူ-ဆော-ကန်ပက်လက် ကားလမ်းမိုင်တိုင်အမှတ် ၃၁ မိုင် ၃ဖာလုံနှင့် ၄ ဖာလုံကြားတွင် မေ ၂၁ ရက် နံနက် ၃ နာရီက တရာမဝင်သစ်များကို ဖမ်းဆီးရရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆိပ်ဖြူမြို့နယ် ကဇွန်းမရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မြင့်နိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊မြို့နယ်သစ်တောဦးစီးဌာနမှ ကဇွန်းမဘိနယ်တာဝန်ခံ တောအုပ် သိန်းဝင်းနှင့်ဝန်ထမ်းများက သတင်းအရ ဆောမြို့နယ်မှ ဆိပ်ဖြူမြို့သို့ ဇော်မင်းထွေး(၂၇နှစ်)မောင်းနှင်သော 9J/---- ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ကာလတန်ဖိုး နှစ်သိန်းနှစ်သောင်း ခြောက်ထောင် ရှစ်ရာ တန်ဖိုးခန့်ရှိ ၁ ဒသမ ၅၁၂၀ တန် ပျဉ်းကတိုးသစ်မာခွဲသား အရွယ်စုံ ၁၂၀ ချောင်းကို လည်းကောင်း၊ ဆိပ်ဖြူမြို့နယ် အိုင်ကြီးကျေးရွာနေ ဇော်မင်းနောင်(ခ)နောင်နောင် (၂၉ နှစ်) မောင်းနှင်လာသည့် စူပါကာစတန် အဖြူရောင်ယာဉ်ပေါ်တွင် ကာလတန်ဖိုး ခြောက်သောင်းကျော် တန်ဖိုးရှိ ၀ ဒသမ ၄၀၃၂တန် ပျဉ်းကတိုး သစ်မာခွဲသား ၃၂ ချောင်းကို ရှာဖွေသိမ်းဆည်းရမိသဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဇော်မင်းထွေး (၂၇ နှစ်)နှင့်အတူပါ တစ်ရွာတည်းနေ ကျပန်းလုပ်ကိုင်သူ ထွန်းစိုး (၄၈နှစ်)၊ ဆိပ်ဖြူမြို့နယ် အိုင်ကြီးကျေးရွာနေ ဇော်မင်း နောင်(ခ)နောင်နောင် (၂၉နှစ်)တို့အား သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# သထုံ၌ လိုင်စင်မဲ့ယာဉ် နှစ်စီး တစ်ရက်တည်း ဖမ်းဆီးရမိ

**သထုံ မေ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က မေ ၂၀ ရက်တွင် သထုံမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ဖြတ်သန်းသွားလာသော ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ညနေ ၄ နာရီခန့်က သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ ဒုံသမိတံတားရဲကင်းတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ယာဉ်များအား ရပ်တန့်စစ်ဆေးနေစဉ် ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း မောင်မောင်ဝင်း (၅၀ နှစ်)မောင်းနှင်လာသည့် ယာဉ်အမှတ် ၃၀/ ------ အဖြူရောင် ယာဉ်မှာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားမပြနိုင်၍ လိုင်စင်မဲ့ ယာဉ်အဖြစ် သိမ်းဆည်းခဲ့သည်။



အလားတူ အဆိုပါနေ့ ည ၈ နာရီခွဲခန့်တွင် သထုံမြို့အဝင် ကွင်းကူးတိုးဂိတ်၌ မော်လမြိုင်ဘက်မှ သထုံဘက်သို့ ယာဉ်မောင်း စောနိုင် (၃၅ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 4G/ ---- ခဲရောင်ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သော အထောက်အထား မပြသနိုင်သဖြင့် ထပ်မံသိမ်းဆည်းခဲ့ရကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်တင်သွင်းသူ မောင်မောင်ဝင်းနှင့် စောနိုင်တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

■

# တယ်လီဖုန်းတိုင်အား ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ လူတစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ဝန်းသို မေ ၂၂**

ဝန်းသိုမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်သိန်းဇော်ထွေးသည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေခဲ့ရာ စိုးမင်းပိုင်မောင်းနှင်ပြီး ၎င်း၏နောက်မှ စိန်အောင်လိုက်ပါလာသည့် အဝါရောင်ဆိုင်ကယ်မှာ နမ္မလင်းကျေးရွာလမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ဖုန်းကြိုးတိုင်အား ဝင်တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် စိုးမင်းပိုင်နှင့် စိန်အောင် (၃၅နှစ်) တို့မှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် ဝန်းသိုဆေးရုံသို့ပို့ဆောင်ဆေးကုသစဉ် စိန်အောင်မှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ စိုးမင်းပိုင် (၂၃နှစ်) မြရတနာရပ် ဝန်းသိုမြို့နေသူအား ဝန်းသိုမြို့မရဲစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၄၈၅၄၉ Honda Wave NF-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၆/ထဝန(နိုင်) ၀၁၈၂၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဧယ/၉၇၈၁၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက် ၆/လလန(နိုင်) ၀၆၂၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/8738 Toyota Succeed S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁/မညန(နိုင်)၀၈၅၇၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**"ညှိနှိုင်းဈေးနှုန်းဖြင့် ထိုက်ခန်းများ အမြန်ရောင်းမည်"**

-ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ၁၅'x၅၅'ပေ အဆင့်မြင့်ပြင်ဆင်ပြီး၊ မြေညီထပ်၊ဈေးဆိုင်ဖွင့် ရန်ကောင်း

-သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်၊ အပိုင်း(၅)၊ ငမိုးရိပ်(၃)လမ်း၊ တိုက်အမှတ်-၇၀၈ ၊ ၁၂'ခွဲx၅၀'ပေ မြေညီထပ်၊ အဆင့် မြင့်ပြင်ဆင်ပြီး၊ လူနေခွင့်ကျပြီး

-အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက် စက်လမ်း၊ မုဒိတာအိမ်ရာ-၂၊ တိုက်(B)၊ အခန်း အမှတ်-942၊ ၁၅'x၄၀'ပေ၊ ကွန်ဒိုကိုက်ခန်း၊ ဓါတ်လှေကားပါ။

**ဖုန်း ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊၀၉၅၀၁၅၆၄၇**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 5 Lots |
| (ခ) | ထွန်ယက်ရေးပစ္စည်းများ | 9 Lots |
| (ဂ) | ထွန်စက်နောက်တွဲယာဉ် | 1 Lot |
| (ဃ) | စပါးရိတ်သိမ်းခြွေလှေ့စက် | 3 Lots |
| (င) | စပါးအခြောက်ခံစက် | 1 Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၆-၆-၂၀၁၆ ရက် ၁၃း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၃၁၅၊ ၀၆၇-၄၃၁၂၀၅**

**ကန့်ကွက်နိုင်ပါကြောင်း**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၅ (ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ် ၁၀၉/G၊ ဧရိယာ ၀ဒသမ၀၉၂ဧကသည် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၉၄၆/၂၀၁၆) တင်ပြ၍ ဦးကျော်မြင့်(ခ)ကရင်မ် ၁၂/ပဘတ (နိုင်) ၀၀၂၃၄၁ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၅ (ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ် ၁၀၉/D၊ ဧရိယာ ၀ဒသမ၁၀၄ဧကသည် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၈၃၉/၂၀၁၆)တင်ပြ၍ ဒေါ်ခင်မာညို ၁၂/သဃက(နိုင်) ၁၃၂၅၉၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဝန်ထမ်းအလိုရှိသည်**

| | | | |
|---|---|---|---|
| (1) | Marketing | Male/Female | 10 Post |
| (2) | Marketing Supervisor | Male/Female | 2 Post |
| (3) | Ware House | Male/Female | 2 Post |
| (4) | Account LCCI Level(II) | Female | 2 Post |
| (5) | Phone Operator | Female | 2 Post |

(လစာအပြင် ကော်မရှင်ပါခံစားရမည်)

မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာများဖြင့် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**T.Y.W Associates Co.,Ltd**
24 **hours Electric and Plumbing Service**
**၆/၃၈၈၊ အင်း၀ ၃လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၈၉၀၉၇၈**

**ငွေချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ထီးချိုင့်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

မနော် **နှင့်** ၁။ ဦးနိုင်တူး
၂။ ဒေါ်နွယ်နွယ်

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ တည်တောကျေးရွာတွင်နေထိုင်သူ ဦးနိုင်တူးနှင့်ဒေါ်နွယ်နွယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စပါးတင်း ၄၀၀အတွက် ကာလတန်ဖိုးငွေ ၂၄၀၀၀၀၀/- ရလိုမှုအား လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၃ ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) နံနက်၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများရှိပါကသင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းကျော်ဌေး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ထီးချိုင့်မြို့နယ်တရားရုံး**



■ *ကျော်ဖုံးမှ*
ပြုလုပ်သည့်အစီအစဉ်တွင် ကံစမ်းမဲပေါက်ခဲ့သည့် ကံထူးရှင်ငါးဦးနှင့်လည်း အမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။ လက်စတာအသင်းသည် ယင်းမှတစ်ဆင့် ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်ခဲ့ပြီး အောင်မြေအနီး၌ ဆုတောင်းမှုများပြုလုပ်ကာ လက်ယာရစ်ပူဇော်ခဲ့ကြသည်။

ပရီမီယာလိဂ်ချန်ပီယံအသင်း၏ မြန်မာပြည်ခရီးစဉ်ကို မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်တစားရှိခဲ့ပြီး ဘောလုံးသမားများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့သည်။ လက်စတာအသင်းတွင် ယူရိုပြိုင်ပွဲကြောင့် နာမည်ကြီးကစားသမားများ ပါဝင်လာနိုင်ခြင်းမရှိဘဲ ရှဝါဇာ၊ ဆင်ပဆင်စသည့်ကစားသမားများသာ ပါဝင်လာခဲ့သည်။

လက်စတာအသင်း၏ မြန်မာပြည်ခရီးစဉ်မှာ လေးနာရီသာကြာမြင့်ခဲ့ပြီး ည ၈ နာရီတွင် အထူးစီမံထားသည့် Air Asia လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ထိုင်းနိုင်ငံမှ ဘုန်းတော်ကြီးများ၊ ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းပိုင်ရှင်၊ အုပ်ချုပ်မှုနည်းပြအဖွဲ့နှင့် အသင်းသားများ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုနေမှုကို တွေ့ရစဉ်**

# ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ မန်ယူတို့ အက်ဖ်အေဖလားရယူကာ ကျေနပ်ခဲ့ရ

အင်္ဂလန်၏ သက်တမ်းရင့် ဖလားပြိုင်ပွဲဖြစ်သည့် အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၂၁ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားရာ ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့၍ အချိန်ပိုဆက်ကစားရာ မန်ယူမှ လင်ဂတ်က အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲဖြစ်၍ ပဲလေ့စ်တို့က အနိုင်ရရှိရေး တိုက်စစ်ဆင်မှုကို မန်ယူတို့ ဖျက်ထုတ်မှုအမှားအယွင်းများသဖြင့် ပထမပိုင်း၌ အဝိုကတ်များခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် ပဲလေ့စ်မှ ပန်ချီယွန်က ဦးဆောင်ဂိုးသွင်းပြီး ၈၁ မိနစ်တွင် မာတာက မန်ယူအတွက် ချေပဂိုးသွင်းခဲ့သည်။ ပွဲချိန်အတွင်း တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပိုဆက်ကစားကာ မိနစ် ၁၁၀ တွင် လင်ဂတ်က အနိုင်ဂိုးသွင်းယူနိုင်မှုကြောင့် မန်ယူတို့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကို အက်ဖ်အေဖလားရယူ၍ ကျေနပ်ခဲ့ရသည်။

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲတွင် အေစီမီလန်နှင့် ဂျူဗင်တပ်စ်တို့ အချိန်ပိုကစားပြီး မိုရာတာ သွင်းယူသောဂိုးဖြင့် ဂျူဗင်တပ်စ်တို့အနိုင်ရခဲ့သည်။

ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲတွင် ဘိုင်ယန်နှင့် ဒေါ့မွန်တို့ ယှဉ်ပြိုင်ကစားရာ ပယ်နယ်တီအဆုံးအဖြတ် လေးဂိုး-သုံးဂိုးဖြင့် ဘိုင်ယန်တို့ အနိုင်ရခဲ့သည်။

ပြင်သစ် ရှုံး/ထွက်ဖလား ဗိုလ်လုပွဲတွင် မာဆေးနှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားရာ ပီအက်စ်ဂျီက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သီဟ-ရေးသည်**

**အမည်ပြောင်း**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း မ/၃၇ နေ ဦးထွန်းဦး ၁၂/အစန(နိုင်) ၂၂၄၁၇၄ ၏သမီး မဖြူဖြူထွန်းဦးအား မနော်ဖြူဖြူထွန်းဦး ဟု ပြောင်းလဲခေါ်ပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/4797 Toyota Kluger ACU ,S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကိုဦး ၁၂/တတန (နိုင်) ၁၂၃၄၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/5310 Honda Fit GE6 Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ဗဟန(နိုင်)၀၂၉၂၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါယာဉ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) TC အမှိုက်သိမ်းယာဉ် (၃)တန်
(ခ) GARBAGE COMPACTOR TRUCK ($14/15m^3$)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား ၁-၆-၂၀၁၆ရက်မှစ၍ ၁၄-၆-၂၀၁၆ရက်ထိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၆ ရက် မွန်းလွဲ ၁း၀၀နာရီတွင် ၂၆လမ်း၊ ၇၁လမ်း×၇၂လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

**အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝင်းမင်းသူ ၁၂/ဒဂရ(နိုင်)၀၀၆၆၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမင်းသူ ၁၂/ဒဂရ(နိုင်)၀၀၆၆၁၉နှင့် ဦးမိုးဇေယျာကျော် ၁၂/ခရန(နိုင်)၀၁၀၁၂၁ တို့သည် ၃-၁-၂၀၁၆ရက်တွင် နှစ်ဦးသဘောတူ အသိသက်သေလူကြီးများရှေ့၌ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေနှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
|---|---|---|
| **ဒေါ်ဝင်းမင်းသူ** | **ဦးအောင်ကျော်မြင့် (LL.B)** | **ဒေါ်သန်းသန်းနွယ် (LL.B)** |
| **၁၂/ဒဂရ(နိုင်)၀၀၆၆၁၉** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၃၅၆၇၇)** | **(စဉ်-၄၆၉၃၂)** |

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၅၁၆၄၀ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းထွေး ၆/သရခ(နိုင်) ၀၂၈၀၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ဒီကရီကိုအတည်မပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**
**ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၄၁၂ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၅**

| | | |
|---|---|---|
| ၁။ ဦးဇော်ဇော်နိုင် | နှင့် | ၁။ ဒေါ်သိန်းရီ |
| ၂။ ဒေါ်ရီရီမြင့် | | ၂။ ဒေါ်ဝင်းမြင့် |
| | | ၃။ ဦးစိန်လှိုင် |
| | | ၄။ ဒေါ်ခင်စိန်(ခ)ဒေါ်ခင်သန်း |
| | | ၅။ ဦးချစ်ခိုင် |
| **တရားနိုင်များ** | | **တရားရှုံးများ** |

(၁) တရားရှုံး ဒေါ်သိန်းရီ အမှတ် ၃၊ မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)၊ (၂) တရားရှုံး ဒေါ်ဝင်းမြင့် အမှတ် ၂၁၊ တတိယထပ်၊ ၅၆လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)၊ (၃)တရားရှုံး ဦးစိန်လှိုင် အမှတ် ၈၆၊ ၀ဲ(ခုနစ်လွှာ)၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)၊ (၄)တရားရှုံး ဒေါ်ခင်စိန်(ခ) ဒေါ်ခင်သန်း အမှတ်(၂၀/၁)၊ ဖိုးရာဇာလမ်း၊ အမှတ်(၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)၊ (၅)တရားရှုံး ဦးချစ်ခိုင် အမှတ် ၃၊ မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၁၂တွင် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်ဇော်နိုင်နှင့် ဒေါ်ရီရီမြင့်တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၆ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၆ခုနှစ် မေ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၁၇၄၃၀ Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းနိုင် ၈/မလန(နိုင်)၀၅၀၉၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်း(၂၈)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၁၃၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၅(ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ်(၁၀၉/E)၊ ဧရိယာ၀ဒသမ၁၂၅ဧကသည် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၈၃၅/၂၀၁၆)တင်ပြ၍ ဒေါ်ခင်ဟေမာန်ဝင်း ၁၂/ဗတထ(နိုင်)၀၄၄၄၀၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင်အမည်မှန်**

ကျောက်တံခါးမြို့၊ အထက အဋ္ဌမတန်း(C)မှ မနှင်းအိဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၇/ကတခ(နိုင်) ၀၀၃၃၈၄ ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/7929 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ကုမ္ပဏီမှတ်ပုံတင်ကြေးပြောင်းလဲခြင်း၊ ကျပ်သိန်း တစ်သောင်းတန် အောင်ဘာလေဆုတို့ ပါဝင်သည့် ရက် ၁၀၀

## [စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

**တွေ့ဆုံမေးမြန်း-ထွန်းဝင်းနိုင် (သတင်းစဉ်)**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကဏ္ဍများ၊ အစီအမံများနှင့် ပြည်သူလူထုခံစားရမည့် အကျိုးကျေးဇူးများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံမေးမြန်းထားသည်။



ဦးကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**ဦးကျော်ဝင်း၊ ပြည်ထောင်စုဝန်ကြီး**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး ။ ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ရက် ၁၀၀ စီမံကိန်းအနေနဲ့ ဘယ်လိုမူဝါဒတွေချမှတ်ပြီးတော့ ဘယ်ကဏ္ဍ၊ ဘယ်လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော် တည်ဆောက်ရေးစီမံကိန်းတွေနဲ့ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာ အဆင့်မီ စာရင်းအင်းစနစ်တည်ဆောက်ရေးနဲ့ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်တဲ့စာရင်းအင်းတွေ ရရှိအသုံးပြုနိုင်ရေး၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပြည်ပငွေကြေးနဲ့ နည်းပညာအကူအညီ အထောက်အပံ့တွေ ရရှိရေး၊ ဖွံ့ဖြိုးမှု မိတ်ဖက်တွေ၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ပြည်ပနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်စေရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ။

ဒါ့အပြင် နိုင်ငံတော်နဲ့ ဝန်ကြီးဌာနတို့ရဲ့ မူဝါဒတွေနဲ့အညီ နိုင်ငံပိုင်စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ စွမ်းအားပြည့် အသုံးပြုနိုင်ရေး၊ နိုင်ငံတော်က ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာမှတ်တမ်းများ၊ သမိုင်းဝင်မှတ်တမ်းများ၊ မော်ကွန်းများကို လွှဲပြောင်းလက်ခံ ရယူစုဆောင်းခြင်းဖြင့် နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး အားထားရတဲ့ မော်ကွန်းတိုက်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ဦးစားပေးကဏ္ဍအလိုက် အသုံးစရိတ်ခွဲဝေလျာထားသတ်မှတ်ရေး၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေကို စီးပွားရေးဆန်ဆန် ဆောင်ရွက်စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ အသုံးစရိတ် ပိုမိုခွဲဝေပေးပြီး အရင်းအမြစ်တွေကို အကျိုးရှိဆုံးခွဲဝေအသုံးချ ဆောင်ရွက်ရေး၊ ခေတ်စနစ်နဲ့ လျော်ညီတဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရေး၊ ပြည်တွင်းငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး၊ လှည့်လည်သုံးစွဲငွေများမှ ရင်းနှီးမြှုပ်နှံငွေအဖြစ် ပြောင်းလဲစေခြင်းဖြင့် ငွေဖောင်းပွမှုနှုန်းကို လျော့ကျစေရန်နဲ့ ငွေချေးစာချုပ်တွေကို ကာလရှည်၊ ကာလလတ် စသဖြင့် အမျိုးအစားအမျိုးမျိုး တိုးချဲ့ထုတ်ဝေရေးတို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်ပြီး အခွန်ရငွေနဲ့ GDPအချိုး တိုးတက်စေဖို့နဲ့ နိုင်ငံ တကာစံနှုန်းနဲ့ ကိုက်ညီတဲ့ အခွန်စနစ်ဖြစ်လာစေဖို့အတွက် အခွန်ရုံးမှစည်းကြပ်တဲ့ စနစ် (Official Assessment System-OAS)ကနေ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ် (Self Assessment System-SAS)ကို ကူးပြောင်းဆောင်ရွက်ရေး၊ ရှင်းလင်းလွယ်ကူတဲ့ အကောက်ခွန် လုပ်ထုံးလုပ်နည်းတွေနဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေဖို့ ရသင့် ရထိုက်တဲ့အခွန်ငွေတွေ ပြည့်ဝစွာရရှိစေရေး၊ ပြည်သူတွေကို ပိုမိုထိရောက်လွယ်ကူ လျင်မြန်တဲ့ ဘဏ်ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့အတွက် ဝန်ဆောင်မှု လုပ်ငန်းတွေကို အဆင့်မြှင့်တင်ဆောင်

**စာမျက်နှာ (၁၆)သို့**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။




ကွန်တိန်နာယာဉ်၌ တင်ဆောင်လာသည့် ကုန်ပစ္စည်းများကို ထိန်းချုပ်ရေးအခန်းမှ ကြည့်ရှုစစ်ဆေးနေစဉ်




အောင်ဘာလေ သိန်းဆုဌာနခွဲတွင် ကလေးငယ်များ ဆုဂဏန်းများ မဲနှိုက်ရွေးချယ်နေစဉ်

**စာမျက်နှာ ၁၅ မှ**

ရွက်သွားဖို့နဲ့ ပြည်ပအဆက် အသွယ်ဘဏ်များနဲ့ ပူးပေါင်းဆောင်ရွက်သွားရေး၊ အာမခံဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာစေရေးနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရေးစတဲ့ မူဝါဒတွေကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။

စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ် အမျိုးသားစီမံကိန်းနဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွေကိုရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ရယူပြီး ထုတ်ပြန်ပေးနေပါတယ်။ အစိုးရသစ်အနေနဲ့ ပြည်သူကိုဗဟိုပြုပြီး ပြည်သူလူထု အတွက် Quick Win ရရှိနိုင်မယ့် လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး လုပ်နိုင်တဲ့ Capacity အတွင်း Direct Effect၊ Indirect Effect ရရှိနိုင်မယ့် လုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနမှာ Servicing ပေးနေတဲ့ လုပ်ငန်းတွေရှိသလို ပြည်သူနဲ့ တိုက်ရိုက်မထိတွေ့တဲ့ လုပ်ငန်းတွေကိုလည်း Long-term အကျိုးခံစားခွင့်ရရှိအောင် လုပ်ဆောင်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် Quick Win ရရှိနိုင်မယ့် လုပ်ငန်းစဉ် (၇)ရပ်ကို ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး ။ ။ ရက် ၁၀၀ အတွင်း ပြည်သူတွေ လက်တွေ့အကျိုးခံစားနိုင်အောင် ဘယ်လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက် သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဌာန၊ အဖွဲ့အစည်း စုစုပေါင်း ၁၈ ခုရှိပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် နိုင်ငံတော်ရဲ့စီမံကိန်းနဲ့ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်အသီးသီးကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

၂၀၁၆ခုနှစ် မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၈ ရက်နေ့အထိ ပြည်သူတွေ လက်တွေ့ရရှိခံစားနိုင်မယ့် လူမှုစီးပွားရေးတစ်ရပ် လုံးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုး မှုတွေဖြစ်ပေါ်စေဖို့ ရက် ၁၀၀ အတွင်း အောင်မြင်မှု Quick Win ရရှိနိုင်မယ့် လုပ်ငန်းစဉ် (၇)ရပ်ဖြစ်တဲ့ ကုမ္ပဏီမှတ်ပုံတင် ကြေးပြင်ဆင် သတ်မှတ်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ခရိုင်ဦးစီးရုံးတွေမှာ အခြေခံစီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ အောင်ဘာလေထီ ၅၀၀ ကျပ်တန် ထီအမျိုးအစားကို တိုးချဲ့ထုတ်ဝေခြင်း၊ ဖုန်းခေါ်ဆိုခပေါ်မှ ကောက်ခံရရှိတဲ့ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို နိုင်ငံတော်အနေနဲ့ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရှိစေမယ့် ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ပညာရေးကဏ္ဍတွေမှာ ထိထိရောက်ရောက် အသုံးပြုခြင်းဖြင့် ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးခြင်း၊ ရန်ကုန်ဆိပ်ကမ်းနဲ့ လေဆိပ်တွေမှာ မြန်မာအလိုအလျောက် ပစ္စည်းရှင်းလင်းရေးစနစ် အသုံးပြုပြီး ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းတွေ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးခြင်းနဲ့ ဆိပ်ကမ်း ထုတ်ကုန်၊ သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းနဲ့ လေကြောင်းကုန်စည် သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**ဦးအောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**မေး ။ ။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာ မှတ်ပုံမတင်ဘူးလို့ သိရပါတယ်။ ဘာကြောင့်ပါလဲ။ နောက်ပြီး ကုမ္ပဏီမှတ်ပုံတင်ကြေး ပြင်ဆင်သတ်မှတ်မယ်ဆိုတာ ဟုတ်ပါသလား။ ဘယ်လိုပြင်ဆင်သွားမှာလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ဌာနက အဓိကတာဝန်ယူရတာကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ ပတ်သက်တာကို တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒုတိယတစ်ချက်ကတော့ ကုမ္ပဏီတွေမှတ်ပုံတင်တာနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေကို တာဝန်ယူရပါတယ်။ ရှေ့လျှောက်ပြီး ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်မြှင့်တင်သွားဖို့ရှိသလို တစ်ဖက်ကလည်း ကုမ္ပဏီတွေ မှတ်ပုံတင်တာတွေနဲ့ပတ်သက်လို့လည်း တိုးချဲ့ပြီး ဆောင်ရွက်သွားဖို့ရှိတယ်။ အဲဒီမှာ ကုမ္ပဏီတွေ မှတ်ပုံတင်တာနဲ့ ပတ်သက်ပြီး နည်းနည်းလေးအကျဉ်းချုပ်ပြီး ရှင်းပြချင်ပါတယ်။ နိုင်ငံသားတွေ လွယ်လွယ်ကူကူနဲ့ ကုမ္ပဏီတွေ မှတ်ပုံတင်နိုင်အောင် စဉ်းစားပြီး ဖြေလျှော့သင့်တာတွေကို ကျွန်တော်တို့ ဖြေလျှော့ပေးခဲ့ပါတယ်။ နောက်မြန်ဆန်သွက်လက်အောင် လုပ်ပေးခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံသားတွေ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေ၊ နောက်တစ်ခုက ကုမ္ပဏီထူထောင်ပြီးလုပ်ကိုင်ချင်တဲ့ နိုင်ငံသားတွေမှာ အခက်အခဲတစ်ခုသဖွယ်ဖြစ်နေတာက ကုမ္ပဏီမှတ်ပုံတင်ကြေးတွေများနေတဲ့ အနေအထားကို သွားပြီး တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ကုမ္ပဏီမှတ်ပုံတင်တဲ့နှုန်းထားက ကုမ္ပဏီတစ်ခုထူထောင်ရင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို မှတ်ပုံတင်ကြေး ၁၀ သိန်းကောက်ခံပါတယ်။ နောက် အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီထူထောင်တဲ့အခါမှာလည်း မှတ်ပုံတင်ကြေး ၁၀ သိန်းကောက်ခံပါတယ်။ ဒီလိုကောက်ခံတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကုမ္ပဏီမှတ်ပုံတင်ကြေး အခြေအနေကို အခြားတိုင်းပြည်နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ဥပမာ စင်ကာပူမှာဆို ကုမ္ပဏီတစ်ခုကို ဒေါ်လာ ၃၀၀ လောက် ကောက်တယ်ဆိုတော့ မြန်မာငွေနဲ့ဆို သုံးသိန်းလောက်ပဲရှိတယ်၊ ကမ္ဘောဒီးယားမှာဆိုရင် သူတို့ကောက်တဲ့ငွေက မြန်မာငွေ နှစ်သိန်းခြောက်သောင်းလောက်ပဲရှိတယ်၊ နောက်ဗီယက်နမ်ကို ကြည့်လိုက်ရင်လည်း သုံးသိန်းပတ်ဝန်းကျင်ပဲရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အိမ်နီးနားချင်း လာအိုနိုင်ငံမှာဆိုရင် ခြောက်သောင်း လောက်ပဲရှိတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်က ၁၀ သိန်း ဆိုတော့ ကုမ္ပဏီမှတ်ပုံတင်ကြေးက အခြားတိုင်းပြည်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် နည်းနည်းများနေတာကို တွေ့ရပါတယ်။ အဲဒီလိုများနေတဲ့အတွက်ကြောင့် လုပ်ငန်းရှင်တွေဟာ ကုမ္ပဏီမှတ်ပုံတင်တဲ့အခါ ခက်ခဲနေတာကို သွားပြီးတော့ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရက် ၁၀၀ အတွင်းမှာ ဘာကိုလုပ်သွားမလဲဆိုရင် ကုမ္ပဏီမှတ်ပုံတင်ကြေးတွေနဲ့ပတ်သက်ပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတွေ၊ အထူးသဖြင့် နိုင်ငံသားတွေဆောင်ရွက်နေတဲ့ အသေးစား အလတ်စားလုပ်ငန်းရှင်တွေ၊ နောက် မိမိရဲ့ စုဆောင်းငွေနဲ့ ကုမ္ပဏီထူထောင်ပြီးလုပ်ချင်တဲ့ လုပ်ငန်းရှင်တွေအတွက်ကို လွယ်လွယ်ကူကူ ကုမ္ပဏီမှတ်ပုံတင်နိုင်အောင် ရည်ရွယ်ပြီးတော့ ၁၀ သိန်းကနေ ငါးသိန်းအထိ ထက်ဝက် လျှော့ချသွားမယ့် အစီအစဉ်ရှိပါတယ်။

ဒီလိုလုပ်တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ကြေးလျှော့ချတဲ့အပိုင်းမှာ လျှော့သွားတာရှိသလို တစ်ဖက်ကလည်း အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေနဲ့ပတ်သက်လို့ ကုမ္ပဏီမှတ်ပုံတင်ကြေးကို တိုးမြှင့်သွားဖို့ရှိပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့စပြီးတော့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေကို ထူထောင်ဖို့အတွက်ကို အစိုးရက အားပေးဆောင်ရွက်တာတွေ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ပြီးတော့ ခွင့်ပြုပေးတာတွေရှိပါတယ်။ ခွင့်ပြုတဲ့နေရာမှာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီစုစုပေါင်း ၂၃၀ ကျော်လောက် ကျွန်တော်တို့ဆီမှာ မှတ်ပုံလာတင်ပါတယ်။ မှတ်ပုံတင်ထားတာတွေကို ပြန်စိစစ်တဲ့အခါမှ တစ်ဝက်လောက်ပဲ စီးပွားရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ပြီးတော့ ကျန်လုပ်ငန်းတွေက မှတ်ပုံတင်ထားပြီးတော့ လုပ်ငန်းနဲ့ ဆက်စပ်ဆောင်ရွက်နိုင်ခြင်း မရှိသေးတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ရည်ရွယ်ချက်ကတော့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီထူထောင်ပြီဆိုရင် တကယ်ကို လုပ်မယ့်ကိုင်မယ့်သူတွေနဲ့စုစည်းပြီးတော့ ကုမ္ပဏီထောင်မယ်။ တကယ်လည်း စီးပွားရေးလုပ်ငန်းလုပ်မယ်ဆိုရင် စိစစ်ပြီးတော့ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေတည်ထောင်တဲ့နှုန်းကိုတော့ အရင်က ၁၀ သိန်းသတ်မှတ်ထားတာက နေ ၂၅ သိန်းလို့ ပြင်ဆင်သတ်မှတ်ပါတယ်။ ရည်ရွယ်ချက်ကတော့ တကယ့်ကို လုပ်ငန်းလုပ်မယ့်ကုမ္ပဏီတွေကို မှတ်ပုံတင်ပြီး လုပ်လာစေဖို့အတွက် ရည်ရွယ်ပြီးတော့ လုပ်တာဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်တဲ့အခါမှာ တစ်နှစ်တစ်နှစ် ကျွန်တော်တို့ဌာနက နိုင်ငံတော်ကိုရှာပေးနိုင်တဲ့ ငွေ ၁၀ ဘီလီယံလောက်ရှိပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ကြေးတွေကို ထက်ဝက်လျှော့ချလိုက်တဲ့အခါမှာ နိုင်ငံတော်အနေနဲ့တော့ တစ်နှစ်တစ်နှစ်ကို ၃ ဘီလီယံလောက် ဝင်ငွေလျော့သွားမယ့် အနေအထားတော့ ရှိပါတယ်။ တစ်ဖက်ကလည်း ဘာပြန်စဉ်းစားလဲဆိုတော့ လုပ်ငန်းလုပ်လိုတဲ့သူတွေလည်း လွယ်လွယ်ကူကူနဲ့ လုပ်လို့ရရမယ်။ တစ်ဖက်က နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့ ဝင်ငွေတစ်ရပ်လည်း ရရမယ်ဆိုတာလေးကို ပြန်သုံးသပ်လုပ်ဆောင်ခဲ့တာပါ။

ကုမ္ပဏီမှတ်ပုံတင်ကြေးနဲ့ ပတ်သက်လာရင် မှတ်ပုံတင်တဲ့ လုပ်ငန်းတစ်ခုရှိသလို မှတ်ပုံတင်ပြီးနောက် ဥပမာ ကုမ္ပဏီရဲ့ အမည်ပြောင်းမယ်၊ ကုမ္ပဏီရဲ့ ဒါရိုက်တာတွေ ပြောင်းတယ်၊ ကုမ္ပဏီရဲ့ရှယ်ယာတွေပြောင်းတယ် စသည်ဖြင့် အပြောင်းအလဲလုပ်တဲ့လုပ်ငန်းတွေမှာပါ ကျွန်တော်တို့ဆီက Service ယူပြီးလုပ်ပေးတာရှိတယ်။ အဲဒီ Service နှုန်းတွေဟာ နိုင်ငံတကာနဲ့ ယှဉ်လိုက်ရင် တော်တော်နည်းနေတာကို တွေ့ရတယ်။ ဒါကြောင့် နည်းနည်းလေးတိုးပြီးယူမယ်။ ကုမ္ပဏီမှတ်ပုံတင်ကြေးတွေကို လျှော့ချမယ်၊ အဲ့ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒီလို ရက် ၁၀၀ အတွင်းမှာ ကုမ္ပဏီနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါ ကုမ္ပဏီမှတ်ပုံတင်ကြေးတွေကို လျှော့ချလိုက်တဲ့အတွက် နိုင်ငံသားတွေ လွယ်လွယ်ကူကူနဲ့ ကုမ္ပဏီတွေ ထူထောင်နိုင်မယ်။ အသေးစား၊ အလတ်စား လုပ်ငန်းလေးတွေက ခုကုမ္ပဏီမထောင်နိုင်ဘဲနဲ့ မိမိဘာသာ မိမိလုပ်နေတဲ့အနေအထားကနေပြီး ကုမ္ပဏီ မှတ်ပုံတင်ပြီး ထူထောင်နိုင်ခြင်းအားဖြင့် တစ်ချိန်မှာ ဈေးကွက် ချဲ့ထွင်မယ့်ကိစ္စတွေ၊ ပို့ကုန်သွင်းကုန်ကိစ္စတွေမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်လာနိုင်မယ်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာလည်း အထောက်အကူတွေ အများကြီးဖြစ်လာလိမ့်မယ်လို့ သုံးသပ်ပါတယ်။

**ဦးထင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်**
**အကောက်ခွန်ဦးစီးဌာန**

**မေး ။ ။ အကောက်ခွန်ဦးစီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမယ့် လုပ်ငန်းအစီအမံကို ပြည်သူတွေသိရှိစေဖို့ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ အကောက်ခွန်ဦးစီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်း ပြည်သူလူထုကို အကျိုးပြုလုပ်ငန်းသုံးခု ဆောင်ရွက်ပါမယ်။ ပထမဆောင်ရွက်မှာကတော့ ရန်ကုန်ဆိပ်ကမ်းနဲ့ လေဆိပ်တွေမှာ အခုလက်ရှိ ကုန်သေတ္တာနဲ့ ကုန်စည်ရှင်းလင်းရေးကို Manual စနစ်နဲ့ ဆောင်ရွက်နေပါတယ်။ ကုန်စည်ရှင်းလင်းရေးလုပ်ငန်းတွေမှာ အချိန်ကုန် သက်သာပြီး လွယ်ကူလျင်မြန်စွာနဲ့ ရှင်းလင်းထုတ်ယူနိုင်ဖို့အတွက် ဂျပန်နိုင်ငံအစိုးရ အကူအညီနဲ့ အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ အဲဒီစနစ်ကို စမ်းသပ်အသုံးပြုဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၆ ကုန်မှာ အပြည့်အဝအသုံးပြုနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ဒုတိယဆောင်ရွက်မှာကတော့ ထုတ်ကုန်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်း (ဆိပ်ကမ်း)ဖြစ်တဲ့ ဆိပ်ကမ်းတွေမှာ ကုန်သေတ္တာ ရှင်းလင်းထုတ်ယူရာမှာလည်း ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အဆင့်နဲ့ အချိန်တွေကို လျှော့ချလို့မရနိုင်ပေမယ့် ID File တစ်ခုတည်းမှာ Green, Yellow, Red Channel စသည်ဖြင့် ကုန်သေတ္တာတွေရောနှောနေပါက Yellow, Red စစ်ဆေးပြီးမှ Green Channel ထုတ်ပေးတဲ့ လုပ်ငန်းစဉ်အစား Green Channel သတ်မှတ်ထားတဲ့ ကုန်သေတ္တာကို တိုက်ရိုက်ထုတ်ပေးခြင်း၊ ဆိပ်ကမ်းမှာရောက်ရှိနေပြီး အချိန်ကန့်သတ်ချက်အရ မစစ်ဆေးနိုင်တဲ့ Green Channel ကုန်သေတ္တာကို နောက်ရက်မှာ Channel ထပ်မံသတ်မှတ်ခြင်း မပြုတော့ဘဲ မူလသတ်မှတ်ထားတဲ့ Green Channel အတိုင်း တိုက်ရိုက် ထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပြီး အမယ်တစ်မျိုးတည်းဖြစ်တဲ့ စစ်ဆေးရလွယ်ကူတဲ့ ပစ္စည်းဖြစ်ပါက Yellow Channel ပေးပြီး စစ်ဆေးနိုင်ဖို့ဆောင်ရွက်ပါမယ်။နောက် လုပ်ငန်းစဉ်တစ်ခုကတော့ လေကြောင်းကုန်စည် သွင်းကုန်ရှင်းလင်းရေးလုပ်ငန်းဖြစ်တဲ့ လေကြောင်းကုန်စည်တင် သွင်းမှုများပြားလာတဲ့အတွက် လျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ဖို့အတွက် ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းထားသိုမှုကို စနစ်တကျ ကြပ်မတ်ခြင်း၊ လာရောက်မထုတ်ယူတဲ့ နှစ်လကြာကုန်ပစ္စည်းတွေကို အလုံမြို့နယ်မှာရှိတဲ့ အကောက်ခွန်ဦးစီးဌာန ကုန်လှောင်ရုံသို့ပို့ခြင်း၊ ထုတ်ယူခြင်းမရှိသေးတဲ့ ကြန့်ကြာပစ္စည်းတွေ အလျင်အမြန်ထုတ်ယူနိုင်ဖို့အတွက် သက်ဆိုင်ရာပိုင်ရှင်တွေ၊ ကုမ္ပဏီတွေ၊ ဌာနတွေကို အကြောင်းကြားညှိနှိုင်းပြီး အမြန်ထုတ်ယူစေခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လေကြောင်း ကုန်စည်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် လွယ်ကူမြန်ဆန်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ အဆင်ပြေချောမွေ့ခြင်းတို့ကို ရရှိစေမှာဖြစ်ပါတယ်။

**မေး ။ ။ ဆိပ်ကမ်းတွေမှာ ကုန်ပစ္စည်း ရှင်းလင်းထုတ်ပေးမှုတွေဟာ ကြန့်ကြာမှုတွေရှိတယ်လို့ သိရပါတယ်။ ဒါတွေက ဘာကြောင့်ပါလဲ။ ဒါတွေကို ရက် ၁၀၀ အတွင်း ဘယ်လိုဖြေရှင်း ဆောင်ရွက်သွားမှာလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ကြန့်ကြာရတဲ့အကြောင်းအရင်း လေးခုရှိပါတယ်။ နံပါတ်တစ်အချက်ကတော့ သက်ဆိုင်ရာ Exporter တွေ၊ Importer တွေ၊ Agent တွေက ID ဖွင့်ဖို့ လိုအပ်တဲ့ စာရွက်စာတမ်းအထောက်အထားတွေကို ပြည့်စုံစွာနဲ့ အချိန်မီ တင်ပြနိုင်ရပါမယ်။ စာရွက်စာတမ်း ပြည့်စုံမှန်ကန်မှုမရှိရင် ID ဖွင့်ခွင့်မရနိုင်တဲ့အတွက် ဆိပ်ကမ်းမှာ ပစ္စည်းထုတ်ယူခွင့်မရဘဲ ကြန့်ကြာသွားနိုင်ပါတယ်။ နံပါတ်နှစ်အချက်ကတော့ စာရွက်စာတမ်းပြည့်စုံမှန်ကန်မှုမရှိတဲ့အတွက် ဆိပ်ကမ်းကနေ ပစ္စည်းထုတ်ယူခွင့်မရတဲ့အခါ နှစ်လကျော်ရင် လေလံစာရင်းဝင်သွားမှာဖြစ်ပါတယ်။ လေလံစာရင်းဝင်သွားရင် ဆိပ်ကမ်းအာဏာပိုင်ရုံးမှာ ထုတ်ယူခွင့်ပြုဖို့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေ ထပ်မံပါဝင်လာမှာဖြစ်တဲ့အတွက် ကြန့်ကြာမှုတွေရှိနိုင်တာကြောင့် လိုအပ်တဲ့ စာရွက်စာတမ်းတွေ အချိန်မီပြည့်စုံစွာ တင်ပြနိုင်ဖို့လိုအပ်ပါတယ်။

နံပါတ်သုံးအချက်ကတော့ စာရွက်စာတမ်းပြည့်စုံမှန်ကန်မှုရှိမှသာ ID ဖွင့်လှစ်ခွင့်ရရှိမှာဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ ပစ္စည်းအမျိုးအစား ခွဲခြားခြင်း၊ ဈေးနှုန်းသတ်မှတ်ပြီး အခွန်စည်းကြပ်ကောက်ခံခြင်း စတဲ့လုပ်ငန်းစဉ်တွေကို ချောမွေ့စွာလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီမှာလည်း မမှန်မကန်တင်ပြထားမှုရှိခဲ့ရင် စိစစ်နေရတဲ့ အချိန်တွေ၊ မှန်ကန်တဲ့ အထောက်အထားတွေကို ပြန်တောင်းခံနေရတဲ့ အချိန်တွေရှိတဲ့အတွက် ကြန့်ကြာနိုင်တာကြောင့် သွင်းကုန်ကြေညာလွှာပါ အချက်အလက်တွေနဲ့ အထောက်အထားစာရွက်တွေမှာ မှန်မှန်ကန်ကန်ဖြည့်သွင်းဖို့ လိုအပ်ပါ တယ်။ နံပါတ်လေးအချက်ကတော့ ပစ္စည်းထုတ်ယူတဲ့ ဆိပ်ကမ်းရဲ့ ရုံးလုပ်ငန်းဝန်ဆောင်မှု၊ ယာဉ်ယန္တရား ပြည့်စုံလုံလောက်စွာ ဝန်ဆောင်မှုပေးနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်။ ကုန်သေတ္တာတွေကို သင်္ဘောပေါ်ကချပြီး ကုန်သေတ္တာလွင်ပြင်မှာ သတ်မှတ် Location အလိုက် ကုန်သေတ္တာတွေကို လေးငါးထပ်စုပုံထားတာဖြစ်တဲ့အတွက် ဆိပ်ကမ်းရဲ့ရုံးလုပ်ငန်းပိုင်းဆိုင်ရာမြန်ဆန်မှု၊ Location နေရာတိကျမှု၊ ကုန်သေတ္တာတင်ယာဉ်ပေါ်တင်ဆောင်ဖို့ ယန္တရား အင်အားလုံလောက်စွာနဲ့ အချိန်မီမြန်ဆန်စွာ လုပ်ဆောင်ပေးနိုင်မှု တွေ လိုအပ်ပါတယ်။ ခုအချိန်မှာ ကုန်သွယ်မှုပမာဏ များပြားလာတဲ့အတွက် ကြန့်ကြာမှုမရှိစေဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ။ အားလုံးကလည်း တင်ပြခဲ့တဲ့ လိုအပ်ချက်တွေကို သိရှိလိုက်နာပြီးတော့ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါတယ်။


ဆိပ်ကမ်းများတွင် ကုန်သေတ္တာနှင့် ကုန်စည်ရှင်းလင်းရေးလုပ်ငန်းကို ခေတ်မီ စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်

**ဦးမောင်မော်တင့်**
**ညွှန်ကြားရေးမှူးချုပ်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**မေး ။ ။ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်မှုတွေက ပကတိ လက်တွေ့လိုအပ်ချက်တွေကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ဖို့ အားနည်းနေတယ်လို့ ပြောဆိုနေကြပါတယ်။ ဒါတွေကို ဘယ်လိုပြုပြင်ဆောင်ရွက်သွားမယ်ဆိုတာကို သိချင်ပါတယ်။**

**စာမျက်နှာ ၁၈ သို့**


လေဆိပ်၌ အကောက်ခွန်ဦးစီးဌာနက ခရီးသည်များ၏ ပစ္စည်းများကို စစ်ဆေးနေစဉ်

**အစိုးရသစ်အနေနဲ့ ပြည်သူကိုဗဟိုပြုပြီး ပြည်သူလူထုအတွက် Quick Win ရရှိနိုင်မယ့် လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး လုပ်နိုင်တဲ့ Capacity အတွင်း Direct Effect၊ Indirect Effect ရရှိနိုင်မယ့် လုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။**

**ကျွန်တော်တို့ဌာနမှာ Servicing ပေးနေတဲ့ လုပ်ငန်းတွေရှိသလို ပြည်သူနဲ့ တိုက်ရိုက် မထိတွေ့တဲ့ လုပ်ငန်းတွေကိုလည်း Longterm အကျိုးခံစားခွင့်ရရှိအောင် လုပ်ဆောင်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် Quick Winရရှိနိုင်မယ့် လုပ်ငန်းစဉ် (၇)ရပ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀




## တောင်သူပညာပေး နွေစပါးစံပြကွက်ကွင်းပြပွဲနှင့် မျိုးစေ့ဖြန့်ဖြူးမှုများ သီပေါ၌ဆောင်ရွက်

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူနည်းပညာပေး နွေစပါးစံပြကွက်ကွင်း လက်တွေ့ပြသခြင်းကို ကျင်သီကျေးရွာအုပ်စု ဆွန်အွိုက် (ကြံခင်း)ကျေးရွာ၌ မေ ၁၉ရက် နံနက်က ကျင်းပရာ ကျောက်မဲခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် ခရိုင်မြေအသုံးချရေး မျိုးစေ့နှင့်သီးနှံ ကာကွယ်ရေးဦးစီးဌာနခွဲများမှ တာဝန်ခံများ၊ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးက မျိုးကောင်း မျိုးသန့် သုံးစွဲခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းတို့ကို လက်တွေ့ပညာပေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံများသည် ဘော်ကြိုကျေးရွာအုပ်စုသို့သွားရောက်ကာ ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး တောင်သူများအား စိုက်ပျိုးနည်းပညာများရှင်းလင်းဆွေးနွေးခြင်း၊ EM ဘိုကာရှီမြေဆွေး ပြုလုပ်နည်းလက်တွေ့ပြသခြင်း၊ သီးညှပ်စိုက်ပျိုးရန်အတွက် ပဲစင်းငုံ၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ခြင်းများတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယာဉ်ထိခိုက်မှု အာမခံလျော်ကြေးများ ပေးအပ်

**မုံရွာ မေ ၂၂**

ဂလိုဘယ်လ်အာမခံကုမ္ပဏီမှ အထူးခရီးသွားအာမခံနှင့် အလုံးစုံမော်တော်ယာဉ်ထိခိုက်မှုအာမခံအတွက် လျော်ကြေးပေးအပ်သည့်အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက မုံရွာမြို့ပြည်ထောင်စုလမ်းရှိ ရွှေကံသာကားဂိတ်တွင် ကျင်းပသည်။

ရန်ကုန်မှမုံရွာအပြန် နေပြည်တော်မြို့ရှောင်လမ်း လယ်ဝေးမြို့နယ်တွင် ယာဉ်အချင်းချင်းထိခိုက်မိခြင်းကြောင့် ယာဉ်ပိုင်ရှင် ဦးဇာနည်လှိုင် ထိခိုက်မှုအတွက်ဂလိုဘယ်လ်ကုမ္ပဏီက လျော်ကြေးငွေကျပ် သိန်း ၈၀ နှင့် မုံရွာမှကလေးမြို့အသွား ကုန်တင်ယာဉ်ဘရိတ်ပေါက်၍ ချောက်ထဲအရှိန်လွန်ထိုးကျခြင်းကြောင့် သေဆုံးသွားသော ယာဉ်မောင်း ကိုဒွေးဒွေးမော်အတွက် အထူးခရီးသွားအာမခံ ငွေကျပ်သိန်း ၃၀ ကို ကုမ္ပဏီဒုတိယအထွေထွေမန်နေဂျာဒေါ်ဆန်းလွင်လွင်က ပေးအပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်လှိုင်က လူမှုထောက်ပံ့ငွေကျပ်တစ်သိန်းခွဲနှင့် တိုင်းဒေသကြီး မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက လူမှုထောက်ပံ့ ငွေကျပ် နှစ်သိန်းကို အသီးသီးပေးအပ်ရာသေဆုံးသူ ကိုဒွေးဒွေးမော်၏ဇနီး မစုစုလှိုင်က လက်ခံယူခဲ့သည်။

"မော်တော်ယာဉ်နဲ့စက်တပ်ယာဉ်တွေ မတော်တဆထိခိုက်တာဖြစ်တဲ့ ဆုံးရှုံးမှုတွေ၊ ယာဉ်မတော်တဆမှုကြောင့် တစ်ပါးပိုင်ပစ္စည်းတွေကိုပေးလျော်တဲ့ အာမခံပေါ်လာတာကောင်းပါတယ်။ ဒါပေမယ့် မုံရွာကားလောကကအာမခံထားတာရာခိုင်နှုန်းအနေနဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲရှိသေးတာကိုတွေ့ရပါတယ်"ဟု တိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

စာမျက်နှာ ၁၇ မှ

ဖြေ ။ ။ကျွန်တော်တို့ဌာနကတော့ အမျိုးသားစီမံကိန်းတွေကို ရေးဆွဲပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပါတယ်။ စီမံကိန်းတွေကို ရေးဆွဲတဲ့နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ပထမအကြိမ် သက်တမ်းကစပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းကို စတင်ခဲ့ပါတယ်။ အရင်က Top-down (ဗဟိုမှအောက်ခြေ)ကို စီမံကိန်းရည်မှန်းချက်တွေ ချထားပေးတဲ့နည်းစနစ်နဲ့ ဆောင်ရွက်ခဲ့ရာကနေ Bottom-up (အောက်ခြေမှအစပြုတဲ့)စီမံကိန်းရည်မှန်းချက်များ အဆိုပြုတင်ပြရေးဆွဲခြင်းစနစ်ကို ၂၀၁၁ ခုနှစ်မှ စတင်ပြီး ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁ခုနှစ် မတိုင်ခင်ကာလမှာလည်း နိုင်ငံတော်အဆင့်မှ Top-down ပုံစံနဲ့ ချပေးလိုက်တဲ့စီမံကိန်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအုပ်ချုပ်ရေးမှူးတွေက မိမိတို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လက်ရှိအခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အလားအလာတွေကို ကဏ္ဍအလိုက်၊ ဒေသ အလိုက် တာဝန်ခံပုဂ္ဂိုလ်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပြန်လည် အဆိုပြုတင်ပြစေခဲ့ပါတယ်။

Top-down စနစ်မှ Bottom-up စနစ်ကို ကျင့်သုံးတဲ့အခါမှာ Capacity ပိုင်းရော Institution အပိုင်းမှာပါ လိုအပ်ချက်တွေရှိခဲ့ပါတယ်။ Capacity အနေနဲ့ ကျွန်တော်တို့မှာ Top-down ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ မျှော်မှန်းချက်၊ ဦးတည်ချက်၊ လိုလားချက်တွေအပေါ်မှာ မူတည်ပြီး လုပ်ငန်းစဉ်တွေချမှတ်ပြီး စီမံကိန်းတွေရေးဆွဲပါတယ်။ Bottom-up စနစ်နဲ့ ရေးဆွဲတဲ့ အခါမှာတော့ နိုင်ငံတော်ရဲ့ မျှော်မှန်းချက်၊ ဦးတည်ချက်၊ လိုလားချက်တွေကို ပြည်သူများရဲ့ လိုအပ်ချက်တွေ၊ လိုလားချက်တွေနဲ့ ကိုက်ညီအောင် လူမှုစီးပွားအကျိုးကျေးဇူးတွေ ပေါ်ထွန်းအောင် စတဲ့ အချက်တွေအပေါ် မူတည်ချမှတ်တဲ့အတွက် ပိုမိုခက်ခဲပါတယ်။ ဦးစားပေးကဏ္ဍ၊ ဦးစားပေးဒေသနဲ့ ဦးစားပေးလုပ်ငန်းစဉ်တွေ ချမှတ်ရတဲ့အခါ ဘက်စုံထောင့်စုံကနေ ထည့်သွင်းတွက်ချက်ရတဲ့အပြင် MDG လို စံနှုန်းမျိုး၊ SDG လို စံနှုန်းသတ်မှတ်ချက်တွေကိုလည်း ထည့်သွင်းပေါင်းစပ်ရေးဆွဲရတာဖြစ်တဲ့အတွက် ဝန်ထမ်းတွေကို ပြည်တွင်းပြည်ပသင်တန်းတွေ စဉ်ဆက်မပြတ် တက်ရောက်စေခဲ့ပါတယ်။

Institution ပိုင်းအနေနဲ့ကျတော့လည်း ကျွန်တော်တို့ People Centered Development Plan, Bottom-up Plan ဆိုပေမယ့် ပြည်သူလူထုထဲမှာ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းကို ပါဝင်ဆောင်ရွက်မယ့် အဖွဲ့အစည်းမရှိဘူးဖြစ်နေတယ်။ ဒါကြောင့်မို့လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စီမံကိန်းရေးဆွဲရေးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဆင့်ဆင့်ကို မြို့နယ်တွေအထိ ဖွဲ့စည်းပေးခဲ့ပါတယ်။ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

ပြည်သူ့ဗဟိုပြုစီမံကိန်းတွေ ရေးဆွဲတဲ့အခါမှာ ပြည်သူလူထုပါဝင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ပါဝင်ဆောင်ရွက်တဲ့အခါမှာလည်း ထိရောက်တဲ့အကြံပြုချက်တွေနဲ့ ဘက်စုံစဉ်းစားထားတဲ့ အကြံပြုချက်တွေရရှိပါက ပိုကောင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ စီမံကိန်း၊ ငွေရေးကြေးရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းကို ဖွင့်လှစ်တာဖြစ်ပါတယ်။ သင်တန်းကြေးအခမဲ့ဖြစ်ပါတယ်။ ဝန်ထမ်း သင်တန်းသား ၁၅ ဦးနဲ့ ပြည်ပသင်တန်းသား ၁၅ဦး စုစုပေါင်း သင်တန်းသား အယောက် ၃၀ လက်ခံသင်ကြားပေးသွားမှာဖြစ်ပါတယ်။ သင်တန်းသားအရည်အချင်းသတ်မှတ်ချက်ကတော့ တက္ကသိုလ်တစ်ခုခုက ဘွဲ့ရရှိပြီးသူဖြစ်ရပါမယ်။

ဒ့ါအပြင် သင်တန်းကို အစအဆုံးပြီးစီးအောင် တက်ရောက်နိုင်တဲ့သူလည်း ဖြစ်ရပါမယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေအနေနဲ့ကတော့ စီမံကိန်းဘာသာရပ်၊ ငွေရေးကြေးရေးဘာသာရပ်နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သိကောင်းစရာ ဘာသာရပ်တွေကို ပို့ချပေးသွားမှာပါ။

စီမံကိန်းဘာသာရပ်မှာ စီမံကိန်းသဘောသဘာဝ၊ မြန်မာနိုင်ငံမှာ ရေးဆွဲခဲ့တဲ့စီမံကိန်းတွေ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ညွှန်းကိန်းတွေ၊ ကဏ္ဍ၊ ဒေသန္တရစီမံကိန်းရေးဆွဲခြင်းနဲ့ ဦးစားပေး အစီအစဉ်တွေ၊ ကျေးရွာ၊ ရပ်ကွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ ရေးဆွဲခြင်း၊ စုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှု တန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနဲ့ ထိန်းကျောင်းကြပ်မတ် ခြင်း၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အခြေခံအချက်အလက်တွေကို ပို့ချသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း (SDG)ကိုလည်း ထည့်သွင်းဆွေးနွေးပို့ချမှာဖြစ်ပါတယ်။

ငွေရေးကြေးရေးဆိုင်ရာ ဘာသာရပ်မှာ ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့လုပ်ငန်းတွေ၊ ငွေကြေးနဲ့ဘဏ်လုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းလုပ်ငန်းတွေကို ပို့ချသွားမှာဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘာသာရပ်မှာတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများဦးစီးဌာနရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ဘာသာရပ်တွေကို ဆွေးနွေးပို့ချမှာပါ။ ဒီသင်တန်းတွေကို တက်ရောက်ပြီးတဲ့အခါ စီမံကိန်းသဘောသဘာဝနဲ့ စဉ်းစားနည်းတွေကို အခြေခံ နားလည်သွားမယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဘာတွေပြဋ္ဌာန်းထားတယ်။ ကုမ္ပဏီတည်ထောင်ရင် ဘယ်လိုဆောင်ရွက်ရမယ် ဆိုတာတွေကို အခြေခံအားဖြင့် သိရှိသွားမှာဖြစ်ပါတယ်။ ဒီအတွေ့အကြုံဗဟုသုတတွေအရ ပြည်သူ့ဗဟိုပြုစီမံကိန်းတွေ ရေးဆွဲတဲ့အခါ ပိုမိုထိရောက်လာမယ်လို့ မျှော်လင့်ထားပါတယ်။

ဒ့ါအပြင် အခွန်ရဲ့သဘောတရား၊ ငွေကြေးနဲ့ ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတတွေကလည်း သင်တန်းသားတွေရဲ့ စီးပွားရေးဆိုင်ရာ စဉ်းစားချက်တွေကို အထောက်အကူပြုမယ့်အပြင် နိုင်ငံတော်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းက ထိထိရောက်ရောက် အကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်။

**ဦးမင်းထွင့်၊ ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**မေး ။ ။ အောင်ဘာလေထီ ၅၀၀ ကျပ်တန် အမျိုးအစား တိုးချဲ့ထုတ်ဝေမယ့်အစီအစဉ်နဲ့ တယ်လီဖုန်း ပြောဆိုခပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံတာနဲ့ပတ်သက်လို့ ကောက်ခံတဲ့အကြောင်းအရင်းနဲ့ ကောက်လို့ရတဲ့ ငွေတွေကို ဘယ်ကဏ္ဍတွေမှာ သုံးနေတယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ဌာနအနေနဲ့ ရက် ၁၀၀ ကာလမှာ ပြည်သူ့အကျိုးပြုလုပ်ဖို့ နှစ်ခုစီမံထားပါတယ်။ ပထမတစ်ချက်ကတော့ ၅၀၀ ကျပ်တန် အောင်ဘာလေထီ တိုးမြှင့်ထုတ်လုပ်ဖို့ ဒါကပထမအချက်ပါ။ ဒုတိယတစ်ချက်ကတော့ တယ်လီဖုန်းပြောဆိုခပေါ်မှာ ကောက်ခံတဲ့ ကုန်သွယ်လုပ်ငန်းခွန် ရငွေတွေကို ပညာရေးဆိုင်ရာလုပ်ငန်းတွေမှာ ကျခံသုံးစွဲနိုင်ရန် လွှဲပြောင်းပေးဖို့ဆိုပြီးတော့ အစီအမံနှစ်ခုစီမံထားပါတယ်။ ပထမဦးဆုံး အောင်ဘာလေထီ ၅၀၀ ကျပ်တန် တိုးချဲ့ထုတ်လုပ်တာနဲ့ ပတ်သက်လို့ အနည်းငယ်ရှင်းပြပါမယ်။

ကျွန်တော်တို့ အောင်ဘာလေသိန်းဆုကို ၁၉၃၈ ခုနှစ်မှာ စတင်ထုတ်ဝေပြီးတော့ ရောင်းချခဲ့ပါတယ်။ အဲ့ဒီကာလတုန်းကတော့ ထီတစ်စောင်ကို နှစ်ကျပ်၊ ထီဆုမဲအနေနဲ့ အမြင့်ဆုံးဆုက တစ်သိန်းဆုပါ။ အဲဒီလိုထုတ်ရာကနေပြီးတော့ တဖြည်းဖြည်းနဲ့ ထီလက်မှတ်ဈေးနှုန်းတွေ တိုးမြှင့်လာခဲ့တာ နှစ်ကျပ်ကနေ ငါးကျပ်၊ တစ်ဆယ်၊ ငါးဆယ်၊ တစ်ရာ၊ နှစ်ရာကျပ်ဆိုပြီးတော့ဖြစ်လာ ပါတယ်။ နှစ်ရာကျပ်တန်ကိုတော့ ၂၀၀၉ ခုနှစ်မှာ ထုတ်ခဲ့ပါတယ်။ အခုအချိန်ဆို နှစ်ရာကျပ်တန် အောင်ဘာလေ ထုတ်ခဲ့တာ ခုနစ်နှစ်ရှိပါပြီ။ ထိုနည်းတူစွာပဲ ဆုမဲကိုလည်း အရင်စထုတ်ခါစက ငွေကျပ် တစ်သိန်းကနေပြီးတော့ သုံးသိန်း၊ ငါးသိန်း၊ သိန်းငါးဆယ်၊ သိန်းငါးရာ၊ သိန်းတစ်ထောင်၊ သိန်းတစ်ထောင့်ငါးရာ စသည်ဖြင့် တိုးမြှင့်ပြီးတော့ ထုတ်လုပ်ခဲ့ပါတယ်။ ဒီနေရာမှာ ထီကံစမ်းသူတွေ၊ ထီလုပ်ငန်းရှင်တွေ နိုင်ငံတကာအတွေ့အကြုံတွေနဲ့ လေ့လာကြည့်တဲ့အခါမှာ ထီထိုးတယ်ဆိုတာ တကယ်တော့ မိမိတို့ရဲ့အနာဂတ် စိတ်ကူးကို အကောင်အထည်ဖော်ဖို့လုပ်တာပါ။ အဲ့ဒီလို အကောင်အထည်ဖော်ဖို့လုပ်တဲ့နေရာမှာ ဘဝကြီး ပြောင်းလဲသွားနိုင်တဲ့ စိတ်ဝင်စားဖွယ် ဆုကြေးမျိုးလည်းဖြစ်ဖို့ လိုပါတယ်။

နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါကျတော့ ထီလက်မှတ်တစ်စောင်ကို နှစ်ဒေါ်လာနီးနီးလောက်ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ထီလက်မှတ်ကို လက်ရှိထုတ်နေတဲ့ နှစ်ရာကျပ်တန် ထီလက်မှတ်အပြင် နောက်ထပ် တစ်စောင် ၅၀၀ ကျပ်တန် ထီလက်မှတ် ထုတ်လုပ်ဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာလည်း အမြင့်ဆုံးဆုငွေဖြစ်ဖို့ ပထမဆုကို ငွေကျပ် သိန်းတစ်သောင်းပေးမှာဖြစ်ပါတယ်။ ဒုတိယဆုအနေနဲ့ သိန်းငါးထောင်၊ သိန်းတစ်ထောင်၊ သိန်းငါးရာ စသည်ဖြင့် ဆုမဲပေါင်းများစွာနဲ့ ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ အချိန်ကာလအနေနဲ့ကတော့ ကျွန်တော်တို့စတင်ဆောင်ရွက်နေပါပြီ။ စတင်ပြီးတော့ ရောင်းချနိုင်မယ့်အချိန်ကတော့ နောက်ထပ်ရှစ်လလောက်အကြာမှာ စတင်ရောင်းချမှာဖြစ်ပါတယ်။ ဒါကတော့ အောင်ဘာလေထီ ၅၀၀ ကျပ်တန် တိုးချဲ့ဆောင်ရွက်မယ့် အစီအစဉ်ဖြစ်ပါတယ်။

ဒုတိယအစီအစဉ်တစ်ခုကတော့ တယ်လီဖုန်းပြောဆိုခရငွေတွေကို ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ကျခံသုံးစွဲနိုင်ဖို့ လွှဲပြောင်းပေးမယ့်အစီအစဉ်ဖြစ်ပါတယ်။ အားလုံးသိကျတဲ့အတိုင်းပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ အရင်တုန်းကဆိုရင် ဆင်းကတ်တစ်ခုကို ဆယ်သိန်း၊ ငါးသိန်း စသဖြင့် ရှိခဲ့တယ်။ ဒ့ါအပြင် တယ်လီဖုန်းပြောဆိုခတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း တယ်လီဖုန်းပြောဆိုခတွေက မြင့်မားခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၄ ခုနှစ် နောက်ပိုင်းရောက်တဲ့အခါမှာတော့ နိုင်ငံတကာ တယ်လီဖုန်းအော်ပရေတာတွေ ရောက်လာတယ်။ ဆက်သွယ်ရေးကဏ္ဍကြီးက ပိုမိုဖွံ့ဖြိုးလာပါတယ်။ ဆင်းကတ် တစ်ခုကိုလည်း ငွေကျပ် ၁၅၀၀ နဲ့ရလာတယ်။ တယ်လီဖုန်းပြောဆိုခတွေကလည်း အရင်ထက်စာရင် သက်သာလာပါတယ်။

